# မေတ္တာရှင်(ရွှေပြည်သာ)

## သစ္စာလေးပါး မြတ်တရား

### အပိုင်း(၆)

## သာသနာတော်နှစ် ၂၅၄၉ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၇ ခုနှစ်
## တော်သလင်းလပြည့်ကျော်(၆) ရက်နေ့ည၊ တနင်္သာရီတိုင်း၊ မြိတ်မြို့နယ်၊
## ကျောက်ဖြူတောင်ရွာ၊ သစ်ညီနောင် ဓမ္မရိပ်သာအတွင်းမှာ ကျင်းပပြုလုပ်အပ်သော
## (၇) ရက်တရားစခန်းဆင်မြည်၌ ဟောကြားအပ်သည့်
## သစ္စာလေးပါးတရားတော် အပိုင်း(၆)

* * *

သောတာပန်ပုဂ္ဂိုလ်များခံစားတဲ့ ပထမနိဗ္ဗာန်အကြောင်းပြီးသွားပြီ၊ အဲဒီနိဗ္ဗာန်ကိုခံစားတဲ့အခါမှာ သမထယာနိကနည်းကနေတစ်ဆင့်တက်ပြီးတော့၊ မနက်ဖြန်နောက်ဆုံးညမှာ နိဗ္ဗာန်နှစ်မျိုးပါအောင် ဦးဇင်းဟောပေးမယ်၊ အခုဆက်ပြောမှာက မနေ့ကသောတာပန်ပုဂ္ဂိုလ်များခံစားတဲ့ ပထမနိဗ္ဗာန် အကြောင်းပြီးသွားပြီဆိုတော့ အဲဒီနိဗ္ဗာန်ရဲ့အရသာကို ခံစားတဲ့အခါမှာ သမထယာနိကနည်းက နေတစ်ဆင့်တက်ပြီးတော့ မဂ်ဖိုလ်ရသွားတဲ့ပုဂ္ဂိုလ်များ ဖိုလ်ဝင်စားတဲ့အခါမှာတော့ စလုပ်ကတည်းက သမထကနေစတဲ့ပုဂ္ဂိုလ်ဆိုတော့ သမထကနေပဲစရှုပြီးတော့ ဖိုလ်ဝင်စားပုံကို မဟာစည်ဆရာတော် ဘုရားကြီးက မဟာစည်ဝိပဿနာရှုပွားနည်းကျမ်းမှာ ရေးထားတယ်။

ဒါသညာသိနှင့်ပညာသိကျမ်းကြီးထွက်ရင် အဲဒီမှာဖတ်ပေ့ါ ဒီမှာကအကျဉ်းလေးကိုပြောပြတာ၊ မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ဖိုလ်ဝင်စားပုံကတော့ သူတို့ရှုတဲ့ဖောင်းတာပိန်တာကိုပဲမှတ်ပေ့ါ၊ အဲဒီမှတစ်ဆင့်သမာဓိတွေတက်ပေ့ါ အဲဒီမှတစ်ဆင့် ဖိုလ်ဝင်စားပြီးငြိမ်သွားတဲ့အခါ အကျယ်ရေးပါတယ်၊ အဲဒီဝင်စားနည်းကတော့ သမထယာနိကနည်းကနေ မဂ်ဖိုလ်ရတဲ့ပုဂ္ဂိုလ်များလို့ ဦးဇင်းကသုံးသပ်တယ်၊ ဘာကိုကြည့်ပြီးတော့သုံးသပ်သလဲဆိုရင် လယ်တီဆရာတော်ဘုရားကြီးရေးတဲ့ အနတ္တလက္ခဏာဒီပနီကျမ်း တစ်ကျမ်းမှာရှိတယ်၊ အဲဒီအနတ္တဒီပနီကျမ်းသစ်ကျတော့ ဖိုလ်ဝင်စားပုံနှစ်မျိုးကိုပြတယ်၊ အဲဒီကျတော့ လွယ်လွယ်လေးပဲ၊ မနေ့ကပြောလိုက်ပြီ၊

ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်သုံးပါးမှာ သောတာပန်ပုဂ္ဂိုလ်ဟာ ကိလေသဝဋ်လို့ခေါ်တဲ့ ဒီရုပ် ဒီနာမ် ဒီခန္ဓာကို ငါလို့အယူမှားသော ဒိဋ္ဌိကိလေသာကြီးသေသွားတာ၊ အဲဒါကိလေသာဝဋ်ချုပ်သွားတာ၊ ငါစွဲမရှိတော့ ငါ့အတွက်ဆိုတဲ့မတရားသောနည်းနဲ့ လုံးဝစီးပွားမရှာတော့ဘူး၊ ကိုယ်ကျိုးမလုပ်တော့ဘူး၊ ဒုစရိုက်ကံတွေငြိမ်းတယ်၊အဲဒါကမ္မဝဋ်ချုပ်တာ၊ ကိလေသဝဋ်နှင့် ကမ္မဝဋ်ချုပ်တော့ ဝိပါဝဋ်လို့ခေါ်တဲ့ အကျိုးဝဋ်တွေလာဦးမလား၊ (မလာပါဘူး ဘုရား)။

အကျိုးဆိုတာ အကြောင်းကြောင့်ဖြစ်တာ၊ အဲဒီတော့အပါယ်ကျမယ့် ဝိပါကဝဋ်ကြီးငြိမ်းသွားတယ်၊ အဲဒါပထမနိဗ္ဗာန်လို့ မနေ့ညကပြောခဲ့တယ်၊ အဲဒီလိုသူက ငြိမ်းသွားတဲ့အခါမှာ အဲဒီ သောတာပန်ပုဂ္ဂိုလ်ဟာ ဘယ်လိုဖိုလ်ဝင်စားပြီးတော့ဖိုလ်ချမ်းသာကို ဘယ်လိုခံသလဲဆိုတာ ဆရာတော်ကြီးကဆက်ရေးတယ်၊ သူကဒုစရိုက်အမှုနဲ့စီးပွားရှာတဲ့ ပုဂ္ဂိုလ်တွေကိုမြင်ရင် သောတာပန် ပုဂ္ဂိုလ်က ဩော်---ကြည့်စမ်း၊ ဒီလူတွေ ငါဆိုတာမရှိဘဲနဲ့ ဒီခန္ဓာငါးပါးကို ငါ-လို့အယူမှားပြီးတော့ ငါ့အတွက် ငါ့သား ငါ့မယားအတွက် သူတစ်ပါးအသက်တွေသတ်ပြီး အသက်မွေး သူတစ်ပါးဥစ္စာတွေခိုးပြီး အသက်မွေး၊ လိမ်ညာပြီး အသက်မွေး၊ ကြည့်စမ်း-ကိလေသဝဋ်ကြောင့် ကမ္မဝဋ်ဆိုတဲ့ အကုသိုလ်ကံတွေပြုကြပြီ။

သူတို့သည် ဝိပါကဝဋ်လို့ခေါ်တဲ့ အပါယ်ခန္ဓာဖြစ်ရတော့မယ်၊ အပါယ်ကျတော့မယ်၊ ငါကတော့ ငါစွဲကြီးမရှိတော့ဘူး၊ ငါဆိုတာလုံးဝမရှိဘူးဆိုတာ ယုံကြည်သွားပြီ၊ ရှိတာက ပရမတ်ခန္ဓာငါးပါး၊ ရှိတဲ့ခန္ဓာငါးပါးကလည်း၊ မမြဲတဲ့တရား ၊ဆင်းရဲတဲ့တရား၊ အနှစ်သာရဘာမှမရှိတဲ့တရား၊ ဒါကြောင့်

ငါကတော့ငါ့ခန္ဓာအတွက်သော်လည်းကောင်း၊ ငါ့ခန္ဓာနဲ့ပတ်သက်တဲ့၊ ငါ့သားမယားအတွက် သော်လည်းကောင်း၊ လုံးဝမကောင်းတဲ့ဒုစရိုက်နည်းနဲ့ စီးပွားမရှာတော့ဘူး။

ဒါကြောင့် ငါသည်ကား၊ ကိလေသဝဋ် ကမ္မဝဋ်ဆိုတဲ့ အကြောင်းဝဋ်ကြွေးတွေချုပ်ငြိမ်းပြီးတော့၊ ဝိပါကဝဋ်လို့ဆိုတဲ့၊ အပါယ်ခန္ဓာငြိမ်းသွားပြီ၊ ငါကတော့အပါယ်ဘယ်တော့မှ မသွားရတော့ပါလားလို့ ဆိုပြီးတော့ဝမ်းသာတယ်- အဲဒါဖိုလ်ဝင်စားတာ၊ ဘာလုပ်တာတုံး (ဖိုလ်ဝင်စားတာပါဘုရား)

အဲဒီနည်းကယောဂီတို့ ဝိပဿနာယာနိကနည်းနဲ့၊ ဒီငါစွဲကြီးပယ်တဲ့ပုဂ္ဂိုလ်တိုင်း ဒီချမ်းသာကို ခံစားလို့မရဘူးလား၊ (ရပါတယ်ဘုရား) ဒါကထူးခြားတဲ့အချက်ကလေးနော် ယောဂီတို့က နားထောင်ရတာ ငါးမိနစ်လောက်လေး ဦးဇင်းတို့က ရှာရတာနှစ်ပေါင်းအကြာကြီး၊ ဒါကျမ်းညှိပြတယ်လို့ခေါ်တယ်၊ မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ဝိပဿနာရှုနည်းကျမ်းနဲ့၊ လယ်တီဆရာတော်ဘုရားကြီးရဲ့ အနတ္တဒီပနီကျမ်းသစ်မှာ ဖိုလ်ဝင်စားပုံနှစ်ခုကိုညှိပြနေတာ၊ ဒီလိုညှိပြဖို့ရာကခဲယဉ်းတယ်၊ နောက်တစ်ခု သူခံစားတာက အပါယ်ဘုံသားတွေကြည့်ပြီးတော့ ခွေးတွေဝက်တွေကိုကြည့်ပြီးတော့၊ သြော်. . . ဒီပုဂ္ဂိုလ်တွေ လူ့ဘဝကလာကြတာ လူ့ဘဝတုံးက ဒီခန္ဓာကြီးကို ငါထင်ပြီးတော့ မကောင်းတာတွေကို လျှောက်လုပ်၊ ကိလေသာဝဋ်ကြောင့် ကမ္မဝဋ်ဖြစ်၊ ဒါ့ကြောင့် ဝိပါကဝဋ်ဆိုတဲ့ ခွေးခန္ဓာ ဝက်ခန္ဓာ လာဖြစ်ရပြီ၊

ငါကတော့ ငါစွဲကြီးပြုတ်သွားပြီ၊ ငါဆိုတာမရှိဘူး၊ ကိလေသာဝဋ်ပြုတ်သွားပြီ၊ ငါမရှိတော့ ငါ့မတွက် မဟုတ်တာ မလုပ်တော့ဘူး၊ ကိလေသဝဋ် ကမ္မဝဋ်တွေပြုတ်သွားတော့ ငါသည် ဝိပါကဝဋ်ဆိုတဲ့ အပါယ်ခန္ဓာပြုတ်ပြီ၊ ခွေးဘဝ ဝက်ဘဝအစရှိတဲ့ အပါယ်လေးဘုံခန္ဓာတွေ ဘယ်တော့မှ မဖြစ်တော့ဘူးဆိုပြီးတော့ ဝမ်းသာတယ်တဲ့။

အဲဒါကိုဖိုလ်ဝင်စားတာလို့ ဆရာတော်ကြီးကရေးတယ်၊ ဒါထူးခြားချက်ကလေးတွေပေါ့၊ အခု အနာဂါမ်ပုဂ္ဂိုလ်များ မဂ်ဖိုလ်ရပုံ၊ ဒုတိယနိဗ္ဗာန်ရပုံ၊ ရဟန္တာပုဂ္ဂိုလ်များ တတိယနိဗ္ဗာန်ရပုံကိုပြောပြမယ်၊ ယောဂီတို့ကံကောင်းတယ် ဦးဇင်းအဲဒီအချက်နဲ့ပတ်သတ်တဲ့ ဝတ္ထုတွေကိုကြားဖူးဖတ်ဖူးတာကြာပြီ၊ အဲဒီတုံးက ကျမ်းရင်းဖတ်ရတာမဟုတ်ဘူး၊ ဆရာတော်ဦးဉာဏိဿရဟောတဲ့ စူဠဝေဒလ္လသုတ္တန်ဆိုတဲ့ တော်တော်ထူတဲ့ စာအုပ်ကြီးကိုဖတ်ဖူးတာ ဆယ်နှစ်ကျော်ပြီ၊ အခု ဒုတိယနိဗ္ဗာန်နဲ့ တတိယနိဗ္ဗာန်ကို ဟောပေးမှာဆိုတော့ အဲဒီဇာတ်လမ်းကတော်တော်ကောင်းတယ်၊ ကိုက်နေတာပေါ့လေ၊ ဖတ်တာကလည်း ဆယ်နှစ်ကျော်ဆိုတော့၊ ဦးဇင်းက မှန်းပြီးအခုရှာလိုက်တာ ၊ အခုပြောမယ့် ဇာတ်လမ်းနဲ့ နိဗ္ဗာန်နဲ့က သွားပြီးတိုက်နေတာပေါ့နော်၊ ယောဂီတို့အနေနဲ့ အားရှိစရာပေါ့။

ထိုင်ပြီးတော့လည်းပဲ လေးမဂ် လေးဖိုလ်ရသွားနိုင်းသလို၊ နာရင်းနဲ့လည်းပဲ လေးမဂ် လေးဖိုလ် ရသွားနိုင်ပုံလေးကို လက်တွေ့ဒီမှာနှစ်ခုလုံးပါအောင်ဟောပေးမယ်၊ အဲဒါ ဘယ်မှာသွားတွေ့သလဲဆိုတော့ မဇ္ဈိမနိကာယ် မူလပဏ္ဏာသပါဠိတော် စူဠဝေဒလ္လသုတ်- အဲဒါဦးဇင်းမနက်ကစပြီး တစ်နေကုန်ရေးနေတာ၊ သူက ဝိဿနာသမားတိုင်း သိသင့်တဲ့ မေးခွန်းပေါင်း (၃၀) ကျော်ပါတယ်။

လင်မယားနှစ်ယောက် အမေး အဖြေလုပ်နေတာ၊ လင်မယားနှစ်ယောက်ဆိုပြီး သမန်ကာ ရှန်ကာ မထင်နဲ့၊ လင်က အနာဂါမ် မယားက ရဟန္တာ၊ အနာဂါမ်နဲ့ရဟန္တာ အမေးအဖြေလုပ်နေတာ၊ သိပ်တန်ဘိုးရှိတယ်၊ ဒါ့ကြောင့်ယောဂီတို့ကို ဦးဇင်းက အကုန်ပြောနိုင်အောင်ရေးနေတာ၊ ညနေမိုးချုပ်ခါ နီးမှပြီးတယ်၊ ညောင်းလိုက်တာကိုလွန်ရော၊ အဲဒါလေးပြီးလို့ အညောင်းဖြေမယ်ရှိသေးတယ် မနက်ဖြန် ယောဂီတို့ကို ဦးဇင်းကဟောဒီမြိတ်မြို့မှာ သာသနာပြုရအောင်မြေလှူတဲ့အနောက်လယ်ယာ ဦးမောင်မောင်စိုး+ဒေါ်ချစ်ယုံတို့က အခုနှစ်ညဟောတဲ့ သစ္စာလေးပါးအကျဉ်းစာအုပ်ကိုလှူမယ်တဲ့ အဲဒါ အခုမှအကြမ်းစီပြီးတော့ စာလာပြင်ခိုင်းတာ၊မနားရတော့ဘူး၊ အဲဒီစာပြင်တာကိုကတစ်နာရီခွဲကြာတယ်၊

အခုရှစ်နာရီထိုးခါနီးမှထလာတာ၊ ဘယ်လောက်ပင်ပန်းသလဲလို့၊ ယောဂီတို့ကမှတ်မိအောင်လည်းနာကြ ဟောရကျိုးလေးနပ်အောင်လို့။

အဲဒါမနက်ဖြန်ညကျတော့ သူတို့ကအရောက်ပို့ပေးမယ်လို့ဆိုတယ်၊ အခုခုနှစ်ညဟောတဲ့ တရားလက်ဆောင်လေး၊ အခု ခုနှစ်ညဟောတဲ့ တရားအကျဉ်းလေးကို ယောဂီတို့ သစ္စာလေးပါး တရားလေးကို အိမ်ပြန်ရင်လက်ဆောင်ပါသွားလိမ့်မယ်၊ ကျေးဇူးလည်းတင်စရာကောင်းပါတယ်၊ လိုအပ်တဲ့နေရာကို ဒကာကြီးတွေကဝင်ဖြည့်ကြ၊ စူဠဝေဒလ္လသုတ်ဆိုတာရာဇဂြိုဟ်မြို့မှာသူဌေးကြီးနဲ့ သူဌေးကတော်ကြီး သူဌေးကတော်ကတော့ မှန်းကြည့်ရတာ အသက်တော်တော်ငယ်လိမ့်မယ်၊ သူဌေးကြီးနာမည်က ဝိသာခ၊ သူဌေးကတော်နာမည်က ဓမ္မဒိန္နာ၊ ဓမ္မဒိန္နာကတော်တော်ငယ်လိမ့်မယ်။

အဲဒီရာဇဂြိုဟ်မြို့မှာမြတ်စွာဘုရားက ညစဉ်တရားပွဲရှိတယ်လေ၊ ညတိုင်းဟောတာ၊ အဲဒါ ကိုဝိသာခဒကာကြီးက ညစဉ်တရားသွားနာတယ်၊ ဓမ္မဒိန္နာကမနာဘူး၊ ဘာလုပ်နေသလဲဆိုတော့ အလှပြင်နေတယ်၊ မိန်းမတွေအလုပ်ပေါ့၊ အလှပြင်ပြီးတော့ပဲနေတယ်၊ ဝိသာခဒကာကြီး တရားပွဲကပြန်လာရင် ညစာမစားဘူး၊ အဲဒါကို ဓမ္မဒိန္နာက သူ့ယောကျ်ားနဲ့မှ ထမင်းအတူတူစားမယ်ဆိုပြီး စောင့်နေတယ်။

ကြည့်နော်ဒီအချက်ကလေးသေချာမှတ်ထား ယောကျ်ားပြန်လာရင်သူက အိမ်ရှေ့ဝရံတာက လှမ်းကြည့်ပြီးအိမ်အပေါ်ထပ်ကနေ၊ပြုံးပြတယ်၊ ယောကျ်ားကလည်း ပြန်ပြီးတော့ပြုံးပြတယ်၊ အားဆေးပေါ့ဟုတ်လား၊ အပြုံးချင်းဖလှယ်ကြတာပေါ့၊ ဟုတ်တယ်လေ၊ တချို့များကြံဖန်ပြီးတော့လေ ချစ်ခင်ရင်အပြစ်မမြင်ဘူးတဲ့ ဘာတဲ့တုန်း၊ (အပြစ်မမြင်ပါဘူးတဲ့ဘုရား)။

ချစ်ခင်ရင်တဏှာနဲ့အဝိဇ္ဇာဖုံးထားတော့ အပြစ်လို့ကိုမမြင်တော့ဘူး၊ သူကမချစ်ရင်ကြတော့ အပြစ်လို့မြင်တာ လူလောကဆိုတချို့သိပါတယ်၊ ကောင်လေးတစ်ယောက်ဆိုပါတော့၊ အဲဒီ ကောင်းမလေးက ပိန်တယ်ပေါ့၊ အဲဒါတွေခါစကတော့ အပြစ်မြင်တယ်၊ ကြည့်စမ်းပါအုံး၊ ပိန်လိုက်တာ၊ ဝါးခြမ်းပြားထောင်ထားတာကြနေတာပဲ၊ လေတိုက်ရင်လဲမယ့် အတိုင်းပဲဆိုပြီးဝေဖန်တယ်ပေါ့၊ မြင်ပါများလာတော့ တဏှာကလှသွားတာပဲ နောက်ဆုံး ကြိုက်သွားပြီးတော့ ယူသွားကြတယ်၊ အဲဒီကြတော့သူတို့ကိုတိုင်က ချစ်ခင်သွားပြီးတော့ ပြောင်းသွားတယ်၊ ဒါကိုသူငယ်ချင်းတွေက စကြတယ်ပေါ့။

ဟော့ကောင်. . . စောစောက မင်းပဲဝါးခြမ်းပြား ထောင်ထားတာကြနေတာပဲဆိုတဲ့၊ အဲဒါ မင်းဘာသိလို့တုန်း နောက်ဆုံးပေါ်တဲ့စလင်းဘော်ဒီကွ၊ အမလေးဖြစ်မှဖြစ်ရလေ၊ အဲဒါတဏှာ၊ တဏှာကအပြစ်မမြင်တော့တာ။

အဲဒီထက်ဆိုးတာရှိသေးတယ်၊ တစ်ချို့မိန်းကလေးတွေ အသက်ကနှစ်ဆယ်ပဲရှိသေးတယ် ခန္ဓာကိုယ်က ပုတ်လောက်ဖြစ်နေပြီ၊ အဲဒါ ကောင်လေးတစ်ယောက်ကပြောတယ်၊ အလကားဝက်မကြီးလို့ ဝေဖန်တာပေါ့၊ စီပိုင်းကြီးအပေါ် အုံးသီးတင်ထားတဲ့အတိုင်းပဲတဲ့၊ အမယ်ပြောမှပြောတတ်တယ်၊ ကြာတော့သူတို့လည်း ကြိုက်သွားကြပြန်ရော၊ တဏှာဖုံးသွားတော့ယူကြ၊ အဲဒီတော့ သူ့မိတ်ဆွေတွေက မနက်လင်းတော့ နောက်ကြတာပေါ့၊ ဟော့ကောင်မင်းအရင်တုန်းကတော့ ဝက်မကြီးဆိုကွ၊ စီပိုင်းကြီးဆိုကွ ဆိုတော့ ဟိုက မင်းတို့ဘာသိလို့တုန်းကွ၊ လှတာကချက်စားလို့မရဘူး၊ ဝတာက ဖက်ထားလို့ရတယ်၊ ကြည့်စမ်း၊ တဏှာက အဲဒီလောက်အထိဆိုးတာ၊ တချို့များ မိမိအမျိုးသမီးသွားခေါ်နေတယ်ပေါ့၊ အရုပ်မဆိုးဘူးလား၊ (ဆိုးပါတယ်ဘုရား)။

အဲဒါကိုသူက ချစ်လို့မခွာနိုင်ဘူး၊ ပတ်ဝန်းကျင်ကလူတွေက ခင်ဗျား အဲဒီသွားခေါ်ကြီးများ ကြိုက်နေသေးတယ်၊ အောင်မာမင်းတို့အမြင်ကတစ်မျိုး ငါ့အမြင်ကတစ်မျိုး ခင်ဗျားအမြင်ကဘယ်လိုတုန်း၊ ငါ့မိန်းက ငါ့ကိုမမြတမ်းပြုံးပြတယ်လို့ထင်တာ၊ အဲဒါတဏှာပဲ၊ ကြည့်စမ်း။

အခုလည်း အပြုံးခြင်းဖလှယ်တယ်တဲ့၊ အဲဒီတော့ဆိုကြပါစို့၊ နံပါတ်တစ်အချက်က တွေ့ရင်ပြုံးကြတယ်၊ မှတ်ခဲ့မှတ်ခဲ့၊ တရားဝင်တဲ့အခါပေါ် လိမ့်မယ်၊ နှစ်ယောက်လုံးက ပုထုဇဉ်တွေချည်းဆိုတော့ ပျော်ကြတာပေါ့။

တစ်ခါ ဝိသာခသူဌေးက လှေကားအတိုင်းတက်လာပြီဆိုရင် ဇနီးက လက်ကလေးလှမ်းပေးတယ်၊ လက်ကလေးကိုကိုင်ပြီးတော့ နှစ်ယောက်သား အိမ်ပေါ် ကိုတက်တယ်၊ မှတ်ခဲ့၊ နှစ်ချက်ရှိပြီ အိမ်ပေါ်ကြမှ မျက်နှာချင်းဆိုင်ပြီး တစ်ယောက်နှင့်တစ်ယောက်ပြုံးကြည့်ပြီးတော့ ထမင်းစားကြတယ်၊ ညားကာစဆိုတော့အဲဒီအတိုင်းပဲ၊ ဒါထုံးစံပဲ၊ ဒါပေမယ့်လို့ တရားကညတိုင်းနာတော့ ဉာဏ်ရည်တွေက မြင့်မြင့်လာပြီးတော့၊ နောက်ဆုံးပထမအချက် သောတာပန်တည်သွားပြီ၊ ကြည့်စမ်းဝိသာခကြီး သောတာပန်တည်သွားပြီ၊ ထိုင်ရင်းတည်သွားတာလား၊ နာပြီးတော့တည်သွားတာလား၊ (နာပြီး တည်သွားတာပါဘုရား)။

အဲဒါကြောင့်ယောဂီများ တရားနာတဲ့အခါသေချာနာလို့ပြောတာ၊ အဲဒါတရားလုပ်တာပဲ၊ တမဂ်ရသွားပေမယ့်မထူးခြားသေးဘူး၊ သောတာပန်ဆိုတော့ ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာကွာတာ၊ ကိလေသာက အပြည့်ရှိသေးတယ် ထုံးစံအတိုင်းပဲ၊ တွေ့ရင်ပြုံးပြတယ်၊ တစ်ယောက်ကလည်းပြန်ပြုံးပြတယ်၊ လက်ကလေးပေးရင်ဆွဲတယ် ထမင်းအတူတူစားတယ်၊ သုံးချက်-ဒုတိယတစ်ရက်-သကဒါဂါမ် တည်းသွားတယ်၊ ဒါလည်းပဲ ကာမရာဂကကျန်သေးတော့ ပြုံးပြရင် ပြန်ပြုံးပြတယ်ပေါ့၊ လက်ကလေး ပေးရင်ယူတယ်၊ အပေါ်ကျတော့ ထမင်းအတူတူစားတယ်၊ တတိယည-အနာဂါမ်တည်ပြီတဲ့၊ ဘာတည်တုံး၊ (အနာဂါမ်တည်ပါတယ်ဘုရား)။

အနာဂါမ်တည်ပုံပြောကြဦးစို့ပေါ့နော်၊ သစ္စာလေးပါး မဂ္ဂင်ရှစ်ပါးကိုက်ပုံပေါ့၊ သစ္စာကိုဟောတော့ မဂ္ဂင်ကိုက်ပုံထည့်ဟောရမယ်၊ ဒါကခက်လို့ပြောတာ၊ နာရခဲလို့နားလည်အောင်ပေါ့၊ သောတာပန် ဖြစ်ပုံကိုလည်းပြောမယ်၊ အခုအနာဂါမ်ဖြစ်ပုံကိုပြောမယ်၊ ရဟန္တာမှာတစ်ခါပြောမယ်၊ သုံးကြိမ်ပြောမယ်၊ ဒါမှမှတ်မိမှာ၊ ဒီတော့သူကတရားနာတယ်တဲ့၊ မြတ်စွာဘုရားကလည်း သစ္စာတရားကိုဟောတယ်၊ ဘာကို ဟောတုံး၊ (သစ္စာတရားကို ဟောပါတယ်ဘုရား)။

သစ္စာကိုဟောလို့ရှိရင်လေမြတ်စွာဘုရားက **"ပေဋကောပဒေသပါဠိတော်"** မှာ ဗုဒ္ဓကပြောထားတယ်၊ သစ္စာတရားကိုနာတဲ့အခါမှာတဲ့ ပကတိသာဝကများမှာ ဘဝများစွာ ပါရမီဖြည့်စရာမလိုဘူးတဲ့၊ အင်္ဂါ(၂)ချက်ပြည့်ရင် သောတာပန်တည်တယ်တဲ့၊ မှတ်ထား၊ အင်္ဂါ(၂)ချက်က ဘာလဲဆိုလို့ရှိရင် (၁)သစ္စာတရားကိုနာရမယ်၊ (၂) နှလုံးသွင်း မှန်ရမယ်၊ ဒီအင်္ဂါနှစ်ချက်နဲ့ညီရင် သောတာပန်တည်တာပဲ၊ လေးသင်္ချေနဲ့ကမ္ဘာတစ်သိန်း နှစ်သင်္ချေနဲ့ကမ္ဘာတစ်သိန်းက၊ ယောဂီတို့နဲ့ မဆိုင်ဘူး၊ အဲဒါကလေးသင်္ချေနဲ့ကမ္ဘာတစ်သိန်းပါရမီဖြည့်တာဟာ သမ္မာသမ္ဗုဒ္ဓဘုရားဖြစ်ဖို့၊ နှစ်သင်္ချေနဲ့ ကမ္ဘာတစ်သိန်းပါရမီဖြည့်ရတာက ပစ္စေကဗုဒ္ဓါဖြစ်ဖို့၊ တစ်သင်္ချေကမ္ဘာတစ်သိန်းပါရမီဖြည့်ရတာက အရှင်သာရိပုတ္တရာနဲ့အရှင်မဟာမောဂ္ဂလ္လာန်တို့လို အဂ္ဂသာဝကဖြစ်ဖို့၊ ကမ္ဘာတစ်သိန်းပါရမီဖြည့်ရတာက အရှင်အာနန္ဒာနဲ့ အရှင်အနုရုဒ္ဓါတို့လို မဟာသာဝကဖြစ်ဖို့။

ဦးဇင်းတို့ ယောဂီတို့လို ပကတိရိုးရိုးသာဝကများကြတော့ အဲဒီကမ္ဘာပေါင်း သိန်းနဲ့ သန်းနဲ့ချီပြီးတော့ ပါရမီဖြည့်စရာမလိုတော့ဘူးတဲ့၊ ယခုရှစ်နာရီကတရားနာတယ်၊ ရှစ်နာရီငါးမိနစ်ရှိရင် အဲဒီငါးမိနစ်ဟာ သောတာပန်ဖြစ်ဖို့ ပါရမီလုံလောက်ပြီလို့မှတ်လိုက်။

ဒါကြောင့်သစ္စာတရားကို နှလုံးသွင်းဆင်ခြင်မယ်ဆိုရင်၊ ဘာတည်မယ် (သောတာပန် တည်ပါတယ် ဘုရား)၊ **“ပေဋကောပဒေသပါဠိတော်မှာ”**ဘုရားဟောထားတယ်၊ ဒါ့ကြောင့် သစ္စာကို ဟောတာ၊ ဘာကြောင့်သစ္စာကို နာကြားနှလုံးသွင်းတာနဲ့ မဂ်ဖိုလ်ကိုရကြတာလဲဆိုရင် သစ္စာတရားကို ဥပမာပြရင် ခြောက်နေတဲ့ထင်းကို မီးရှို့ရင် ချက်ချင်းပြာကျသလိုပဲတဲ့။

သစ္စာတရားကိုနာကြားရင်တဲ့ ဒီခန္ဓာကိုယ်ကိုအပြစ်တွေမမြင်ဘူးလား၊ (မြင်ပါတယ်ဘုရား)၊ နာရင်းကိုဒီတဏှာတွေကခြောက်မနေဘူးလား(ခြောက်နေပါတယ်ဘုရား)၊ အဲဒါထင်းခြောက်တာနဲ့ အတူတူပဲ၊ ဒါ့ကြောင့် ဝိပဿနာဉာဏ် မဂ်ဉာဏ်တည်းဟူသောမီးလေးနဲ့တို့လိုက်တော့ ချက်ချင်းပြာကြသွားတာ၊ ဒါ့ကြောင့်သစ္စာတရားကိုနာတာဟာ နှလုံးသွင်းတာဟာ သောတာပန်ဖြစ်ဖို့ အကြောင်းပဲဆိုတာ မှတ်ခဲ့။

အခုကြည့်ဝိသာခဆိုတဲ့ဒကာကြီး သစ္စာတရားကိုနာလို့ သောတာပန်တည်သွားတာ၊ သကဒါဂါမ် တည်တယ်၊ ပြီးရင် အနာဂါမ်အထိတည်တော့မှာ၊ ဒီတော့မြတ်စွာဘုရားက ခန္ဓာကိုဟောတာပေါ့၊ ဘယ်နေရာမှာ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မနော ဘယ်အချက်နဲ့ အနာဂါမ်တည်သလဲဆိုတာ တိုက်ရိုက်တော့ ဘယ်ပါမလဲ၊ ဒါဦးဇင်းတို့က ဖြစ်နိုင်တဲ့အချက်နဲ့ပြောရမှာပေ့ါ။

တစ်ခုခုနဲ့တော့တည်မှာပေ့ါ၊ စက္ခုကြောင့်, သောတ, ဃာန, ဇိဝှါ, ကာယ, တစ်ခုခုကြောင့်ပေ့ါ၊ အခု ဃာနကြောင့် အနာဂါမ်တည်ပုံကိုပြောရအောင်၊ မြတ်စွာဘုရားက သစ္စာလေးပါး သူ့ကိုဟောနေပြီလေ၊ သစ္စာလေးပါးမှာ ဒုက္ခသစ္စာဆိုတာခန္ဓာငါးပါးပဲ၊ ဒုက္ခသစ္စာဆိုတာဘာတုန်း (ခန္ဓာငါးပါးပါဘုရား)၊ အဲဒီခန္ဓာငါးပါးကို ဒုက္ခသစ္စာခေါ်တာ ပုဂ္ဂိုလ်သတ္တဝါ လက်တွေ ခြေတွေကို ဒုက္ခသစ္စာခေါ်တာမဟုတ်ဘူး။

ဖြစ်ပျက်နေတဲ့ခန္ဓာငါးပါးကို ဒုက္ခသစ္စာခေါ်တာ၊ အဲဒီခန္ဓာငါးပါး ဒရပ်စပ်ဖြစ်ပျက်နေတာ မနားဘူး၊ နိဗ္ဗာန်ကျမှနားမှာ၊ အခု နံ့သိစိတ်တဲ့၊ မြတ်စွာဘုရားဟောတဲ့တရားကို သူရှုရင်းနဲ့ယောဂီတို့ နာတာကိုကရှုနေတာပဲ၊ သီးသန့်ရှုတာမဟုတ်ဘူး၊ အဲဒီစိုက်ပြီးနာရင်းကိုကတရားပွားနေတာ၊ ရှုနေတာ၊ ကျင့်နေတာ၊ အဲဒီနံ့သိစိတ်လေးပေါ်ပြီပေ့ါ၊ နံ့သိစိတ်လေး သူ့နှာခေါင်းကိုလာတိုက်တော့ဆိုကြပါစို့၊ သနပ်ခါးနံ့ လေးပဲလို့ မသိဘူးလား၊ (သိပါတယ်ဘုရား)။

အဲဒီအနံ့ရုပ်ရယ် နှာခေါင်းအကြည်ရုပ်ရယ်မတိုက်ဘူးလား၊ (တိုက်ပါတယ်ဘုရား)၊ အဲဒီအနံ့ရုပ်နဲ့ နှာခေါင်းအကြည်ရုပ်နဲ့က ရုပ်တရားဖြစ်တော့ ဘာခန္ဓာ၊ (ရူပက္ခန္ဓာပါဘုရား)၊ ရူပက္ခန္ဓာယောဂီတို့ ဟော. . ဖြစ်ပြီးတော့ ပျက်မသွားဘူးလား၊ (ပျက်သွားပါတယ်ဘုရား)၊ ကုဋ္ဌေငါးထောင်ကျော် နှာခေါင်းမှာဖြစ်၊ နှာခေါင်းမှာပျက်၊ မြန်လိုက်တာ၊ အဲဒါ ကာယာနုပဿနာသတိပဋ္ဌာန်ပေ့ါ၊ ဒီရုပ်နှစ်ခုတိုက်တော့ နံ့သိစိတ်လေးပေါ်ပြီးပျက်သွားပြီ၊ ဝိညာဏက္ခန္ဓာ နံ့သိစိတ်၊ အဲဒီဝိညာဏက္ခန္ဓာ နံ့သိစိတ်အပျက်ကို ရှုတာလည်း စိတ္တာနုပဿနာသတိပဋ္ဌာန်ဖြစ်တယ်။

နံ့သိစိတ်နှင့်အတူ စေတသိက်ခုနှစ်လုံးဖြစ်တယ်၊ အဲဒီစေတသိက်ခုနှစ်လုံးထဲက သနပ်ခါးနံ့ရဲ့ အရသာကိုခံစားတာက ဝေဒနာစေတသိက် ဝေဒနာက္ခန္ဓာလေးဖြစ်ပြီးတော့ ပျက်၊ သနပ်ခါးနံ့လေးပဲလို့ မှတ်သားတာကသညာစေတသိက် သညက္ခန္ဓာ၊ နှာခေါင်းထဲမှာဖြစ် နှာခေါင်းထဲမှာပျက်၊ စေတနာဦးဆောင်တဲ့ စေတသိက် ငါးလုံးကတော့ ဒီအနံ့လေးကို ဆက်ပြီးတော့ရှူဖြစ်အောင် တိုက်သွန်းနှိုးဆော်တဲ့ သင်္ခါရက္ခန္ဓာ၊ သူလည်း နှာခေါင်းထဲမှာဖြစ် နှာခေါင်းထဲမှာပျက်၊ အဲဒီတော့ ခန္ဓာငါးပါး ဖြစ်ပြီးတော့ မပျက်ဘူးလား၊ (ပျက်ပါတယ်ဘုရား)။

ပျက်သွားပြီ၊ ငါလို့ စွဲယူစရာ အနှစ်အသား အမှုန် အမွှားလေးများ ကျန်သေးလား၊ (မကျန်တော့ပါဘူး ဘုရား)၊ အဲဒါ အနတ္တလို့ခေါ်တယ်၊ ဘာမှကိုမကျန်ဘူး ယောဂီတို့၊ ငါလို့စွဲစရာ

ဘာမှကိုမရှိဘူး၊ အကန်းပုထုဇဉ်မို့လို့ရမ်းပြီးစွဲနေတာ၊ ဒါကိုသူသည် ခန္ဓာငါးပါးဟာမမြဲတဲ့တရားပဲလို့ သိလိုက်တာဟာရှုလိုက်တာပဲ၊ အဲဒီလိုသိလိုက်တော့ ဟော. . မဂ္ဂင်ရှစ်ပါးက လိုက်ပြီးအကျိုးပေးတော့မယ်၊ အဲဒီပရမတ်ခန္ဓာငါးပါးပဲ၊ ဒါဟာ မမြဲတဲ့တရားပဲလို့ ပညာနဲ့ထိုထွင်းပြီးသိတာသည် သမ္မာဒိဋ္ဌိမဂ္ဂင်၊ ဘာမဂ္ဂင်၊ (သမ္မာဒိဋ္ဌိမဂ္ဂင်ပါဘုရား)။

ပညာမဂ္ဂင်စပြီးတော့ အလုပ်လုပ်ပြီ၊ အသိမှန်ရင်အတွေးမှန်ပြီတဲ့၊ ဒီခန္ဓာငါးပါးဟာ ငါမဟုတ်ပါလား၊ မမြဲတဲ့တရားပဲလို့အသိမှန်တော့ အတွေးမမှန်ဘူးလား၊(မှန်ပါတယ်ဘုရား)၊ အဲဒီအတွေးမှန်တာကို ဝိတက်စေတသိက်ကောက်ရတယ်၊ သမ္မာသင်္ကပ္ပမဂ္ဂင်၊ ဘာမဂ္ဂင် (သမ္မသင်္ကပ္ပမဂ္ဂင်ပါဘုရား)၊ ဟော မဂ္ဂင်(၁၂)ပါးရပြီ၊ ဘယ်နှစ်ပါးရပြီလဲ၊ (၁၂-ပါးရပါပြီဘုရား)၊ အဲဒါကို မှတ်လိုက်စမ်း၊ ဝိဇ္ဇာမဂ္ဂင်၊ ဘာမဂ္ဂင် (ဝိဇ္ဇာမဂ္ဂင်ပါဘုရား)၊ ပညာလုပ်ရင်ကျန်တဲ့ သီလမဂ္ဂင် သမာဓိမဂ္ဂင်ပါ တစ်ခါတည်းပါသွားတယ်လို့ မှတ်လိုက်တော့၊ သီလမဂ္ဂင် ဝင်စားပုံ၊ အဲဒီခန္ဓာငါးပါး အနိစ္စလို့ရှုပွားဆဲအချိန်မှာ ဝစီဒုစရိုက်လေးပါးကို သူလုပ်သေးလား၊ (မလုပ်တော့ပါဘူးဘုရား)။ ပြောဆိုသေးလား၊ (မပြောဆိုတော့ပါဘူးဘုရား)၊ အဲဒါသမ္မာဝါစာမဂ္ဂင် ဘာမဂ္ဂင်ရသလဲ (သမ္မာဝါစာမဂ္ဂင်ရ ပါတယ်ဘုရား)၊ အဲဒီနံ့သိစိတ်ကို ခန္ဓာငါးပါးအပျက်လို့သူရှုနေဆဲအချိန်မှာ ကာယဒုစရိုက်သုံးပါးလုပ်သေးလား၊ (မလုပ်တော့ပါဘူးဘုရား)၊ အဲဒါ သမ္မာကမ္မန္တမဂ္ဂင်၊ ဘာမဂ္ဂင်တုံး၊ (သမ္မာကမ္မန္တမဂ္ဂင်ပါဘုရား)၊ အဲဒီလိုခန္ဓာငါးပါး အနိစ္စလို့ရှုဆဲအချိန်မှာ မကောင်းသောဒုစရိုက်မှုတွေနဲ့ သူစီးပွားရှာသေးလား၊ (မရှာတော့ပါဘူးဘုရား)။ အဲဒါ သမ္မာအာဇီဝမဂ္ဂင် ဘာမဂ္ဂင်ပါလိမ့် (သမ္မာအာဇီဝ မဂ္ဂင်ပါဘုရား)၊ အဲဒီတော့သူဟာ နံတဲ့အခိုက်မှာ ခန္ဓာငါးပါးအနိစ္စလို့လုံ့လစိုက်ပြီးတော့ မရှုဘူးလား၊ (ရှုပါတယ်ဘုရား)၊ ယောဂီတို့ သိတယ်ဆိုတာရှုတာပဲ၊ ထူးထူးခြားခြားကြီးမဟုတ်ဘူးနော်၊ ရှုပွားတယ်ဆိုတာ ထူးထူးခြားခြားကြီးထင်မနေနဲ့၊ သိလိုက်တာ အမှန်ကိုသိလိုက်တာ၊ ဩော် ခန္ဓာငါးပါးပျက်သွားပါရောလား၊ ခန္ဓာငါးပါးအနိစ္စ၊ ဒီလိုသိလိုက်တာကိုး၊ ဒါကိုရှုတယ်လို့ခေါ်တယ်၊ အဲဒါကိုယောဂီများရေ၊ ခန္ဓာငါးပါး အနိစ္စလို့သူရှုဖို့ ဝီရိယစိုက်လိုက်တာဟာ၊ အဲဒါ သမ္မာဝါယမမဂ္ဂင် ဘာမဂ္ဂင်လဲ၊ (သမ္မာဝါယမမဂ္ဂင်ပါဘုရား)။

ပြန်ပြောကြဦးစို့၊ အရေးကြီးလို့မနေ့ကပြောခဲ့ပြီးပြီ၊ ဝီရိယနှစ်မျိုးတဲ့ နာမ်ဝီရိယနဲ့ ရုပ်ဝီရိယ၊ ဘာနဲ့ဘာလဲ၊ (နာမ်ဝီရိယနဲ့ ရုပ်ဝီရိယပါဘုရား)၊ မှတ်လိုက်စမ်း ဝိပဿနာအရာမှာ နာမ်ဝီရိယဟာလိုရင်း၊ ဝိပဿနာအရာမှာ ဘာလိုရင်းလဲ၊ (နာမ်ဝီရိယကလိုရင်းပါဘုရား)၊ နာမ်တရားကိုပညာနဲ့ရှုရတာ၊ ခန္ဓာကိုယ်နဲ့ရှုလို့ ရရဲ့လား၊ (မရပါဘူးဘုရား)၊ တစ်ချို့က မသိဘူး၊ ခန္ဓာကိုယ်ကို နင်းကန်နှိပ်စက်နေတာ၊ ဘာတရားမှမရဘူး ရောဂါပဲရတယ်၊ ညှင်းပန်းနှိပ်စက်စရာမလိုဘူး၊ ထမ်းတယ်၊ ပိုးတယ်ဆိုတာ ဒါနအလုပ်လို လုပ်ချင်လုပ်လို့ရတယ်၊ ကိုယ်ဒါနလုပ်ချင်တယ်ဆိုရင် စီးပွားရေးကို ကုန်းရုန်းရှာ၊ ရုပ်ဝီရိယလေ၊ ရှာရတယ်၊ အေး ဝိပဿနာက နာမ်ဝီရိယ၊ အခုကြည့်စမ်း၊ ဝိသာခဒကာကြီး ယောဂီတို့ ထိုင်ရာမထ ရှုနေတာ သူကအနာဂါမ်တည်အောင်ရှုနေတာဆိုတော့ သူခါးတောင်ကြိုက်ပြီး ပြေးရဲ့လား (မပြေးပါဘူးဘုရား)။

အဲဒါ သေချာမှတ်ထား၊ အရေးကြီးလို့ ပြောနေတာ၊ တစ်ချို့က မသိဘူး၊ ထိုင်နေရင်းနဲ့ ဉာဏ်က အလုပ် လုပ်နေတာလေ၊ ခန္ဓာငါးပါး အနိစ္စလို့ရှုလိုက်တာပြီးသွားရော၊ အဲဒါ ဝီရိယပဲတဲ့၊ အရင်တုန်းက အဲဒီခန္ဓာငါးပါး အဖြစ်အပျက်ကို ယောဂီများ ရုပ်တွေ နာမ်တွေ ခန္ဓာတွေကိုမသိရင် ရှုတတ်ရဲ့လား၊ (မရှုတတ်ပါဘူးဘုရား)၊ ရှုဖို့ အမှတ်ရရဲ့လား (မရပါဘူးဘုရား)၊ ဘာသတိမှမရှိဘူး၊ အခုတော့သူသည် ဒီအနံ့ နံတဲ့အချိန်မှာ ခန္ဓာငါးပါး အနိစ္စလို့ ရှုမှတ်ဖို့ သတိရတာဟာ သမ္မာသတိမဂ္ဂင်၊ ဘာမဂ္ဂင်၊ (သမ္မာသတိမဂ္ဂင်ပါဘုရား)။

အဲဒီလို ရှုတဲ့အခါမှာ သူ့ရဲ့ရှုဉာဏ်လေးကနာမ်သိစိတ်ကို အကြောင်းပြုပြီးဖြစ်တဲ့ ခန္ဓာငါးပါးအပေါ်ကိုစိုက်ပြီးတော့ တည်ကြည်သွားတယ်၊ အဲဒါ ဧကဂ္ဂတာစေတသိက်၊ သမာဓိမဂ္ဂင် ဘာမဂ္ဂင်ပါလိမ့်၊ (သမာဓိ မဂ္ဂင်ပါဘုရား)၊ ကိုင်း မဂ္ဂင်ရှစ်ပါးမကိုက်ဘူးလား၊ (ကိုက်ပါတယ်ဘုရား)၊ ကိုက်သွားရင် မဂ်ရတာပဲ၊ ဗဟုသုတအဖြစ်၊ အဲဒါမှတ်ထား၊ မဂ္ဂင်ရှစ်ပါးကိုက်ရင်ဘာရတာလဲ၊ (မဂ်ရပါတယ်ဘုရား)။

မကိုက်ရင် ဘာမှမရဘူးလို့ မှတ်လိုက်ပေတော့၊ ဘယ်သူ့မျက်နှာမှ မထောက်နဲ့ ဘုရားမျက်နှာထောက်ပြောနေတာ၊ ဓမ္မစကြာအတိုင်းပြောနေတာ၊ အဲဒီတော့ မဂ္ဂင်ရှစ်ပါးကိုက်သွားပြီ၊ မဂ်ဝင်ပြီ မဂ်ဝင်ရင် သစ္စာလေးပါးပေ့ါ၊ ဒုက္ခသစ္စာက သိရမယ့်တရား၊ သူက အခုခန္ဓာငါးပါး မမြဲတာကို မသိဘူးလား၊ (သိပါတယ်ဘုရား)၊ အဲဒီ မမြဲတာကိုသိတာဟာ ဒုက္ခသစ္စာကိုသိတာ၊ ဟော သစ္စာတစ်ပါး ရပြီ၊ အဲဒီလို ဒုက္ခသစ္စာကိုသိတာဟာလည်း မဂ္ဂသစ္စာကိုပွားလို့သိတာ၊ ဟုတ်တယ် မဟုတ်လား၊ (ဟုတ်ပါတယ်ဘုရား)။

အဲဒီလိုခန္ဓာငါးပါးဟာ မမြဲတဲ့တရားပဲ ဆင်းရဲတဲ့တရားပဲလို့ သိသွားတော့ ဒီခန္ဓာ လိုချင်ပါဦးမလား၊ (မလိုချင်တော့ပါဘူးဘုရား)၊ အဲဒီအချိန်မှာ သမုဒယသစ္စာ တဏှာကို ပါယ်သတ် လိုက်ပြီတဲ့၊ ဟော တစ်ခါတည်း သစ္စာလေးပါးအကုန်လုံး လိုက်လုပ်ရတာမဟုတ်ဘူး၊ ခန္ဓာငါးပါး မမြဲတာကိုသိလိုက်တာနဲ့ ကျန်တဲ့သစ္စာသုံးပါးအကုန်ဝင်တယ်၊ ဒုက္ခသစ္စာပြီးရင် ကျန်တာ အကုန်ဝင်တယ်၊ တဏှာကိုပါယ်လိုက်ပြီတဲ့၊ ဒီအချိန်မှာ မဂ်ဝင်ပြီဆိုတော့ တဏှာဦးဆောင်တဲ့ ကိလေသာတွေ ငြိမ်းသွားတယ်၊ သေသွားတယ်။

ခန္ဓာသစ်တွေကလည်း သိမ်းသွားတယ်၊ အဲဒါ နိရောဓသစ္စာဆိုတဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုလိုက်တာပဲ၊ သစ္စာလေးပါး မကိုက်ဘူးလား၊ (ကိုက်ပါတယ်ဘုရား)၊ အဲဒီမှာပဲ တရားနာရင်းနဲ့ ဝိသာခကြီး ဘာတည်သွား၊ (အနာဂါမ်တည်သွားပါတယ်ဘုရား)၊ အနာဂါမ်တည်တယ်၊ ကိုင်း ယောဂီတို့ နာမ်ဝီရိယတန်ဘိုးကို သိမသွားဘူးလား၊ (သိသွားပါတယ်ဘုရား) ၊ ဒါပဲ အနာဂါမ်တည်တော့၊ ဟော သူ့အနာဂါမိမဂ်ကလေ၊ အခုဒုတိယနိဗ္ဗာန်ကို သူခံစားတော့မယ်၊ ဒုတိယနိဗ္ဗာန်ကို ခံစားရင်ပြန်ပြောကြဦးစို့၊ ပထမနိဗ္ဗာန်က အောက်သံသရာခန္ဓာကြီး ငြိမ်းသွားတယ်၊ အောက်သံသရာ ခန္ဓာကြီးမဖြစ်ဘူးပေ့ါ၊ အပါယ်ခန္ဓာမဖြစ်တော့တာ၊ အဲဒါ ပထမနိဗ္ဗာန်၊ အခု ဒုတိယနိဗ္ဗာန်ကျတော့ အလယ်ခန္ဓာသံသရာကြီးငြိမ်းသွားပြီတဲ့၊ အလယ်သံသရာဆိုတာ လူ့ဘုံနဲ့နတ်ဘုံ၊ အလယ်သံသရာက ဘယ်သူလဲ၊ (လူ့ဘုံနဲ့ နတ်ဘုံပါဘုရား)။

အလယ်သံသရာ အဲဒီ သံသရာက လူ့ခန္ဓာ နတ်ခန္ဓာတွေ မရတော့ဘူး၊ ဒါပေမယ့် ယောဂီတို့က မတန်သေးတော့အဲဒီနိဗ္ဗာန်ကို ခံစားလို့မရဘူး၊ ယောဂီတို့မခံစားနိုင်သေးဘူး၊ မကြိုက်နိုင်သေးဘူး၊ ဘာဖြစ်လို့မကြိုက်လည်းဆိုတော့၊ ယောဂီတို့ဟာ လူနတ်ချမ်းသာကို ခံစားချင်သေးတယ်မဟုတ်လား၊ ရှိသေးတယ်၊ မကုန်သေးဘူး၊ ဒါယောဂီတို့ မတန်သေးဘူး၊ ဒါ သူတည်လို့သာ ဦးဇင်းကပြောပြတာ၊ ယောဂီတို့က ပထမနိဗ္ဗာန် အဆင့်ကိုပဲ ကြိုးစားရမှာ၊ အပါယ်ခန္ဓာ မဖြစ်တဲ့ဟာပေ့ါ၊ အပါယ်ကျမှာတော့ လူတိုင်း မကြောက်ဘူးလား၊ (ကြောက်ပါတယ်ဘုရား)။

အေး အဲဒါ ပထမနိဗ္ဗာန်ရဖို့အတွက်ပဲ၊ ပထမနိဗ္ဗာန်ရရင် အပါယ်ခန္ဓာမဖြစ်ဘူး၊ အခုဟာက လူ့ခန္ဓာ၊ နတ်ခန္ဓာဖြစ်တော့မယ်၊ အဲဒီတော့ လူ့ခန္ဓာနတ်ခန္ဓာဖြစ်ဖို့အကြောင်းဝဋ်က ကိလေသဝဋ်နဲ့ကမ္မဝဋ်ပဲ၊ ကိလေသာအရ ဒီနေရာမှာ ကာမတဏှာကိုယူ၊ ဘာတဏှာလဲ၊ (ကာမတဏှာပါဘုရား)၊ ကာမတဏှာတဲ့၊ အဆင်း, အသံ, အနံ့, အရသာ, အထိ, အတွေ့အာရုံဆိုတဲ့ အာရုံ (၆)ပါးအရသာတွေကို အထင်အရှားကတော့ အာရုံငါးပါးပေ့ါ၊ အဲဒီအာရုံငါးပါးရဲ့ အရသာတွေကို ခံစားချင်တဲ့ကာမဂုဏ်ရဲ့

အရသာတွေကို ခံစားချင်တဲ့ကာမတဏှာဟာ ကိလေသဝဋ်၊ အဲဒီလို လူချမ်းသာ နတ်ချမ်းသာဆိုတဲ့ ကာမဂုဏ်ချမ်းသာတွေကိုခံစားချင်လို့ ယောဂီတို့ ဦးဇင်းတို့သည် ဒါနတွေပြုကြ၊ သီလတွေ ဆောက်တည်ကြ၊ ဟုတ်တယ် မဟုတ်လား၊ (ဟုတ်ပါတယ်ဘုရား)။

ဟုတ်တယ်၊ အဲဒီတော့ ဒီလိုလူချမ်းသာ နတ်ချမ်းသာကိုခံစားချင်တာသည်၊ ကိလေသဝဋ် ဘာဝဋ်၊ (ကိလေသဝဋ်ပါဘုရား)။ အဲဒီ လူချမ်းသာ နတ်ချမ်းသာတွေ ကာမတဏှာကိလေသဝဋ်ကြောင့် ယောဂီတို့သည် ဒါနသီလဆိုတဲ့ ကုသိုလ်တွေမလုပ်ဘူးလား၊ (လုပ်ပါတယ်ဘုရား)။ အဲဒါ ကမ္မဝဋ်၊ ဟော ဘာဝဋ်တဲ့လဲ၊ (ကမ္မဝဋ်ပါဘုရား)။ ကုသိုလ်ကံတွေဖြစ်မသွားဘူးလား၊ (ဖြစ်သွားပါတယ်ဘုရား)။

အဲဒါ အကြောင်းဝဋ်နှစ်ပါး၊ အကြောင်းဝဋ်ရှိရင်တော့ အကျိုးဝဋ်လာပြီတဲ့၊ ဝိပါကဝဋ်ခေါ်တဲ့ လူ့ခန္ဓာနတ်ခန္ဓာကြီးရရော၊ သို့သော် ယောဂီတို့က ဉာဏ်မမီသေးတော့ ဒါကိုခံစားတတ်မှာမဟုတ်ဘူး၊ ဒါကဉာဏ်ရင့်တဲ့ပုဂ္ဂိုလ်များ ခံစားမှာပေါ့၊ အခု ဝိသာခဒကာကြီးကဉာဏ်ရင့်တော့ခံစားပြီး တစ်ခါတည်း အနာဂါမ်တည်သွားပြီ၊ အဲဒီတော့လူ့ဘဝကိုရစေတာဟာ ကာမတဏှာဆိုသော ကိလေသာဝဋ်ကြောင့်၊ လူ့ဘဝနတ်ဘဝရချင်တဲ့ တဏှာနဲ့ပြုလုပ်တဲ့ ဒါနသီလဆိုတဲ့ ကမ္မဝဋ် ကိလေသဝဋ် နှစ်ပါးကြောင့် ဝိပါကဝဋ်ခေါ်တဲ့ လူ့ခန္ဓာ နတ်ခန္ဓာကြီးကိုရတယ်၊ အခုအနာဂါမိမဂ်ကိုရပြီဆိုရင် အဲဒီကာမတဏှာကို အနာဂါမိမဂ်ကသတ်တယ်၊ ဘယ်သူက သတ်တယ်၊ (အနာဂါမိမဂ်က သတ်ပါတယ်ဘုရား)။

အနာဂါမိမဂ်က သတ်ပစ်လိုက်တာ၊ အဲဒီတော့ ကိလေသဝဋ် ရှိသေးလား၊ (မရှိတော့ပါဘူးဘုရား)၊ ကိလေသဝဋ်ချုပ်သွားရင် ယောဂီတို့အဲဒီပုဂ္ဂိုလ်မှာ ကမ္မဝဋ်လည်းချုပ်သွားပြီ၊ ဒီနေရာက တွေးအခေါ်လေး ရှိတယ်၊ သေချာရှင်းမပြရင်ယောဂီတို့ မိစ္ဆာဒိဋ္ဌိဖြစ်သွားတတ်တယ်၊ ဒါ့ကြောင့်တရားပြတာ ယောဂီတို့ လွယ်တယ်မထင်နဲ့၊ စာတွေ့ကောလက်တွေ့ရော ပရိယတ်ရောပဋိပတ်ရော နှစ်ခုလုံးလိုတယ်၊ အဲ. . ပရိယတ်မရှိတဲ့ပုဂ္ဂိုလ်ဆိုရင် ဒီနေရာမှာအဲဒီအနာဂါမ်ပုဂ္ဂိုလ်ဟာ ကမ္မဝဋ်လို့ခေါ်တဲ့ ဒါန သီလ မပြုတော့ဘူးလို့ ဟောချလိုက်ရင်ပြီးရော၊ တစ်ချို့ကလည်း အနာဂါမ်ဖြစ်ချင်တာနဲ့ဖြစ်လည်း မဖြစ်ဘဲနဲ့ ဒါနသီလကိုပယ်ရင်တော့ ဒုက္ခပဲ၊ အဲဒီတော့ဒီနေရာမှာ ဒါန သီလနဲ့ ကမ္မဝဋ်တွေချုပ်တယ်ဆိုတာ ခွဲလိုက်ရအောင်၊ ဝဋ္ဋနိဿိတနဲ့ ဝိဝဋ္ဋနိဿိတကုသိုလ်တဲ့ ဒီနေရာမှာ ဘယ်ဒါန ဘယ်သီလ ကုသိုလ်ချုပ်တာလည်းဆိုရင် ဝဋ္ဋနိဿိတဒါနနဲ့ ဝဋ္ဋနိဿိတသီလတွေ ချုပ်တာပါ။

ဝဋ္ဋနိဿိတဆိုတာ လူ့ဘဝ နတ်ဘဝလိုချင်သော ဝဋ်ကိုမှီသော ဒါန, သီလကုသိုလ် ချုပ်တာ၊ ဝဋ္ဋနိဿိတ ဝဋ်ကိုမမှီသော နိဗ္ဗာန်ကိုအထောက်အပံ့ဖြစ်စေသော ကုသိုလ်ကိုဆုတောင်းတော့ ဝိဝဋ္ဋနိဿိတ ဒါန၊ သီလကတော့ ပြုတယ်မဟုတ်လား၊ (ပြုပါတယ်ဘုရား)။ ဘုရားရဟန္တာတောင်မှ ဒါန မပြုဘူးလား၊ (ပြုပါတယ်ဘုရား)။

ပြုတယ်၊ ရှင်သာရိပုတ္တရာ၊ အရှင်မဟာကဿပတို့ အရှင်အာနန္ဒာကိုသိပ်ချစ်တာခင်တာပေါ့၊ လူ့ဘဝကတည်းက၊ ဒါ့ကြောင့် သင်္ကန်းကောင်းလေးရရင်လေ ရှင်မဟာကဿပက အရှင်အာနန္ဒာကို အမြဲတမ်းပေးတယ်တဲ့၊ ဟောရဟန္တာကြီးဒါနမပြုဘူးလား၊ (ပြုပါတယ်ဘုရား)၊ အဲဒါ ဝိဝဋ္ဋနိဿိတ ဒါနမဟုတ်လား၊ (ဟုတ်ပါတယ်ဘုရား)၊ သူတို့မှာ ဘဝခန္ဓာမလိုချင်တော့ဘူး၊ မလိုချင်တဲ့စိတ်နဲ့ပေးတာ၊ ဒါလေးလည်း ခွဲခြားမှတ်၊ အဲဒီတော့ ဒီနေ့မှသေသွားတယ်ဆိုတာ ဝိဝဋ္ဋနိဿိတဒါန သေတာ၊ လူ့ဘဝ နတ်ဘဝကိုရဖို့ ဘယ်တော့မှကုသိုလ်မလုပ်တော့ဘူး၊ နိဗ္ဗာန်ကိုရဖို့အတွက်ပဲ လုပ်တယ်လို့မှတ်ပါ၊ အဲဒီတော့ ယောဂီများကမ္မဝဋ်ချုပ်သွားတော့၊ ဟော ဝိပါဝဋ်လို့ခေါ်တဲ့ လူ့ခန္ဓာ နတ်ခန္ဓာကိုရဦးမလား၊ (မရတော့ပါဘူးဘုရား)။

အဲဒါ ဒုတိယနိဗ္ဗာန် လူခန္ဓာနတ်ခန္ဓာမရတာ ဘာနိဗ္ဗာန်၊ (ဒုတိယနိဗ္ဗာန်ပါဘုရား)။ အဲဒါ ချမ်းသာကိုခံစားတာပဲ၊ မသိတဲ့လူက ဘယ့်နှယ်လူချမ်းသာနတ်ချမ်းသာက ဒီလောက်ကောင်းတာ

ဘာဖြစ်လို့ မခံစားချင်လဲဆိုတော့၊ ကာမတဏှာမရှိလို့မခံစားချင်တာ၊ အဲဒီကာမတဏှာကို ဥပမာပေးရင် နူနာပိုးနဲ့တူတယ်၊ ဘာနဲ့တူသလဲ၊ (နူနာပိုးနဲ့တူပါတယ်ဘုရား)။

ကုဋ္ဌနူနာသည်တစ်ယောက်ဟာ သူ့လက်တွေကလည်းတိုတိလို့ပေါ့၊ အဲဒီတော့ ရောဂါပိုးတွေ ထရင် သူကတအားယားတယ်တဲ့၊ အဲဒါဘုရားပေးတဲ့ဥပမာ အဲဒီလိုယားတဲ့အခါ ရှေးခေတ်ကတော့ ဆေးလည်းမရှိဘူးလေ၊ အဲဒီလိုတအားယားရင် သူတို့က သူတို့ရဲ့လက်တွေခြေတွေကိုမီကျီးခဲနဲ့ ထိခမန်းဖြစ်အောင် ကင်ရတယ်၊ မီးကတအားပူတော့နူနာပိုးတွေက နောက်ကိုပြန်ဆုတ်ကုန်တယ်၊ အဲဒီလိုလုပ်မှ အယားသက်သာတယ်တဲ့။

ခဏပျောက်သွားတာပေါ့၊ အပြီးပျောက်တာလား၊ ခဏပျောက်တာလား၊ (ခဏပျောက်တာဘုရား)၊ နောက်ကိုပဲဆုတ်တာ၊ ပိုးတွေကတော့ရှိတယ်၊ ဒါကြောင့်ပိုးတွေကပြန်ထတော့ တစ်ခါပြန်ပြီးတော့ မယားဘူးလား၊(ယားပါတယ်ဘုရား)၊ မီးကင်ပြန်တာပဲ၊ ကင်တဲ့အချိန်မှာ ပိုးတွေကနောက်ကိုဆုတ်တယ်၊ ခဏသက်သာနောက်ပြန်ဆုတ်၊ ဒီလူကသေတဲ့အထိ သူဟာအဲဒီလိုပဲသွားတာ၊ ဒါဥပမာလေးပေါ့၊ အဲဒီနူနာသည်ကြီးကပုထုဇဉ်၊ နူနာသည်ကဘယ်သူလဲ၊ (ပုထုဇဉ်ပါဘုရား)၊ လူနာကပုထုဇဉ်ပေါ့နော်၊ အဲဒီတော့ နူနာရောဂါပိုးကကာမတဏှာတဲ့၊ နူနာရောဂါပိုးကဘာတဲ့ (ကာမတဏှာပါဘုရား)။

ယောဂီတို့ကြည့်စမ်း ကာမတဏှာတွေထကြွလာရင်လေ၊ ဟောအဆင်းတွေလည်းပြင်ချင်တာပဲ၊ ကောင်းတဲ့အသံတွေလည်းသိပ်ပြီးကြားချင်တာပဲ၊ ကောင်းတဲ့အနံ့တွေဆိုရင်လည်းရှူချင်တာပဲ၊ ကောင်းတဲ့ အစားအစာဆိုရင်လည်း သိပ်ပြီးတော့စားချင်တာပဲ၊ အမျိုးသမီးတွေအဆိုးဆုံးပဲ၊ ဒါ့ကြောင့် အသက်လေးဆယ်ကျော်ရင် စည်ပိုင်းကြီးဖြစ်တော့တာပဲ၊ နင်းကန်စားတာကိုး၊ အဲဒါကြောင့်အစားလည်း လျှော့ကြ။

တအားမစားရဘူးနော် အသက်ရှည်ဖို့စားတယ်လို့ စိတ်ကူးထဲမှာထားပေါ့။

အဲဒီတော့ အထိအတွေ့တွေလည်း တအားထိချင်တော့တာပဲ၊ ကာမဂုဏ်မျိုးစုံပေါ့၊ အဲဒီလို အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိတွေကိုခံစားချင်တာဟာ ကာမဂုဏ်ပိုးကြောင့်၊ ဘာပိုးလည်း၊ (ကာမတဏှာပိုးပါဘုရား)၊ ယောဂီတို့ခံစားပြီလည်းဆိုရော အဆင်းတွေချည်းပဲဟုတ်လား၊ အသံတွေနားထောင်၊ အနံ့တွေ ရှူ၊ အရသာတွေ စား၊ အတွေ့အထိတွေ ထိတွေ့၊ အဲဒီ ကာမတဏှာပိုးထတဲ့အချိန်ပေါ့၊ ယောဂီတို့ဒီလိုခံစားလိုက်ရင်တော့၊ ခဏငြိမ်းသွားတာပဲနော်၊ အတန်ကြာတော့အဲဒီကာမတဏှာပိုးထတဲ့အခါ ထပ်ပြီးတော့ခံစားပြန်တာပဲ၊ ဟုတ်တယ်မို့လား၊(ဟုတ်ပါ တယ်ဘုရား)၊ နားချိန်အားချိန်ချမ်းသာချိန်များ ရှိသလား၊(မရှိပါဘူးဘုရား)။

မရှိဘူးယောဂီတို့ ဒီကာမတဏှာပိုးတွေကဘယ်လောက် ကြောက်စရာကောင်းလည်းလို့နော်၊ တစ်ချို့များဆိုရင်အသက်တောင်စွန့်တယ်၊ ပြောလိုက်ဦးမယ်တရားသဘောလေးပါ၊ ရုန့်ရင်း ကြမ်းတမ်းတယ်လို့တော့မထင်ပါနဲ့၊ ပိုပြီးပေါ်လွင်စေချင်လို့၊ မြို့တစ်မြို့မှာ အဘိုးကြီးတစ်ယောက် အသက်(၇၀)ကျော်လောက်ရှိပြီး၊ ဘာတရားမှလည်းမရှိဘူး၊ အန္ဓပုထုဇဉ်ကြီးပေါ့၊ အဲဒါအကျဉ်းချုံး တစ်ရက်တော့၊ သူတို့အိမ်နီးချင်း၊ ၁၇-၁၈နှစ်အရွယ်ကလေးမလေးတစ်ယောက်ကို ဒီအဘိုးကြီးက မတရားကျင့်တယ်၊ ကြည့်စမ်းဘယ်လောက် ကြောက်စရာကောင်းသလဲလို့၊ အကျဉ်းချုပ်ကတော့၊ ကောင်မလေးကိုမတရားအကျင့်ခံရတာပေါ့၊ ပြီးတော့အဲဒီကောင်မလေးက ရဲစခန်းနဲ့နီးဟန်တူတယ်၊ ရဲ စခန်းကိုပြေးပြီးတော့ သူကိုယ်တိုင်တိုင်ချက်ဖွင့်တယ်၊ အဘိုးကြီးကိုဖမ်းရအောင်ပေါ့၊ နောက်ဟိုကလည်း စစ်ချက်တွေဘာတွေယူပြီး ရဲတွေအကုန်လိုက်သွားကြတယ်၊ အဘိုးကြီးကိုဖမ်းရအောင်လို့၊ ဟိုကျတော့ ဖမ်းလို့အရတော့ဘူး၊ အဘိုးကြီးကသေနေပြီ၊ ဘာဖြစ်နေလည်း၊(သေနေပါတယ်ဘုရား)။

ယောဂီတို့ သေကိုသွားတာနော်၊ ကြည့်စမ်းအထိအတွေ့ဆိုတာ သူ့ရဲ့တဏှာပိုးထပြီးအထိ အတွေ့ကိုခံစားလိုက်ပြီး၊ အသေကိုခံသွားတာ၊ အသက်မရှိတော့ဘူး၊ ထောင်ချလို့မရတော့ဘူး၊ ဘယ်လောက်ကြောက်စရာကောင်းလိုက်သလဲလို့၊ အဲဒီတော့ယောဂီတို့ ဦးဇင်းတို့က ကာမတဏှာ ပိုးတွေကိုလေ၊ ဘယ်တော့မှလည်းမပြီးဘူး တစ်သက်လုံးပူလောင်နေကြတာ၊ သို့သော် ယောဂီတို့ဦးဇင်းတို့ အဖြစ်က တရားမသိတော့ ဘာနဲ့တူသလဲလို့ဆိုရင် ငရုပ်သီးထဲက ပိုးနဲ့တူတယ်။

ငရုပ်သီးဟာ ယောဂီတို့ မပူဘူးလား၊(ပူပါတယ်ဘုရား)။ အဲဒီတော့ ငရုပ်သီးထဲမှာနေတဲ့ ပိုးကပူမှန်းသိရဲ့လား (မသိပါဘူးဘုရား)၊ အေး အန္ဓပုထုဇဉ်ဆိုတာ ဒီအတိုင်းပဲ၊ ကိုယ့်ကိုပူလို့ ပူမှန်းမသိဘူး၊ လောင်နေတာ၊ ယောဂီတို့မှာငြိမ်းချမ်းတဲ့အချိန်မရှိဘူး၊ သားအတွက်လောင်၊ သမီးအတွက်လောင်၊ မယားအတွက်လောင်၊ လင်အတွက်လောင်၊စီးပွားရေးအတွက်လောင်၊ ဟာ လောင်လို့ကို မပြီးဘူး။

သေရင်ပြီးပြီလားဆိုတော့ သေလည်းနောက်ဘဝကို လိုက်ပြီးလောင်တာပဲ၊ ပြီးကိုမပြီးမှတ်ထား၊ ဒါ့ကြောင့် တရားနဲ့မှဒီအပူတွေငြိမ်းတယ်၊ အနာဂါမ်ကအဲဒါကိုသိသွားပြီ၊ ဒီထက်ရှင်းအောင်ပြောရရင် အခုခွေးတွေက ယောဂီတို့ယိုချတဲ့မစင်ကျင်ကြီးတွေကို အားရပါးရမစားဘူးလား၊(စားပါတယ်ဘုရား)၊ လူတွေကကောစားလား (မစားပါဘူးဘုရား)၊ လူတွေကဉာဏ်နဲ့သိသွားပြီ၊ ဒါရွံစရာတွေ၊ ဒါဟာရောဂါပိုးတွေလို့ လူတွေကသိတယ်၊ ခွေးတွေကသိလား၊(မသိပါဘူးဘုရား)။

အဲဒီတော့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ အထိအာရုံငါးပါးတွေကို အားရပါးရခံစားတဲ့ အန္ဓပုထုဇဉ်ဟာ ဘာနဲ့တူလဲ (ခွေးနဲ့တူပါတယ်ဘုရား)၊ အနာဂါမ်ဟာလူနဲ့တူတယ်တဲ့၊ လူသည် မစင်ကျင်ကြီးကို လုံးဝမစားချင်သလို အနာဂါမ်သည်ကာမဂုဏ်ကိုလုံးဝမခံစားချင်ဘူး၊ တစ်ခါတည်း ဖြတ်ပစ်လိုက်တာ၊ မဂ်ကချမ်းသာသွားတာ၊ အဲဒီမှာကြည့် အဲဒီနေ့သူပြန်လာရော အနာဂါမ်တည်လို့ပေါ့၊ ယောဂီတို့အရင်နဲ့မတူတော့ဘူး။

ရုပ်တွေအဆင်းတွေကြည်လင်အေးချမ်းပြီး ဣန္ဒြေသိက္ခာရှိလို့ပေါ့၊ သူ့မယားကထုံးစံအတိုင်းပဲ လေသာပြတင်းကပေါ့နော်၊ လေသာဆောင်ကနေ အဲဒီလိုလှမ်းပြီးတော့ပြုံးပြတော့ ဟိုကပြန်ပြီးတော့ ပြုံးမပြတော့ဘူး၊ ပုံမှန်ပဲတည်ငြိမ်သွားပြီလေ၊ အနာဂါမ် အနာဂမ်မိမဂ်ကကာမတဏှာကို ဖြတ်ပစ်လိုက်ပြီ၊ အဲဒီအရာတွေကို ခံကိုမခံစားချင်တော့ဘူး၊ အဲဒီမခံစားချင်တာကိုကချမ်းသာတာ၊ ယောဂီတို့ ခံစားချင်တာကိုကပူလောင်တာ၊ အဲဒီခံစားချင်လို့ပူလောင်ရတာ ဘယ်လောက်ပူလောင်လဲ စဉ်းစားကြည့် သေတဲ့အထိကိုပူလောင်နေတာ၊ အေးချမ်းသွားတော့ပြန်မပြုံးပြတော့ဘူး အဲဒီမှာအမျိုးသမီးက သူတစ်ချက်စိတ်ထဲမှာ ခံစားလိုက်ရတယ်တဲ့၊ ဟာဘယ်လိုဖြစ်ပါလိမ့်၊ ငါ့မှာများအပြစ်ရှိလို့လားပေါ့၊ တစ်ခါ ပထမတစ်ချက် မပြုံးတော့ဘူး၊ ဒုတိယအချက် လက်ကလေး လှမ်းပြီးတော့ လှေကားရင်းက ပေးတာတောင်မကိုင်တော့ဘူး၊ ကိုင်သေးလား၊ (မကိုင်တော့ပါဘူးဘုရား)။

ယောဂီတို့ ကာမတဏှာကို အနာဂါမိမဂ်ကဖြတ်ချလိုက်ပြီလေ၊ ဟန်ဆောင်တာ မဟုတ်ဘူး၊ ကိုင်ချင်စိတ်ကိုမရှိတော့တာ၊ အဲဒါ သူချမ်းသာသွားတာပေါ့၊ ဘယ်လိုချမ်းသာတာလဲဆိုတော့ ပြောဦးမယ်၊ ယောဂီတို့က နည်းနည်းနုတော့မြင်မှာမဟုတ်ဘူး၊ ချမ်းသာတယ်ဆိုတာ အရင်က ဝိသာခက သူ့ရဲ့မယားလေးကငယ်တယ်၊ ငါ့မယားလေးသူများနဲ့များဖောက်ပြန်နေမလား၊ ဟော. . သောက ကအမြဲတမ်း မလောင်ဘူးလား၊(လောင်ပါတယ်ဘုရား) ဓမ္မဒိန္နာတည်းဟူသော မယားအလှကို အကြောင်းပြုပြီးတော့စွဲလမ်းတဲ့တဏှာကြောင့် ပေါ်လာတဲ့သောက မဟုတ်လား၊ လောဘကလည်းလောင်၊ ဒေါသကလည်း မပူလောင်ဘူးလား၊ (ပူလောင်ပါတယ်ဘုရား) အေး နေ့တိုင်းလောင်နေတာ၊ အခု ယောဂီတို့ရေ သူ့အနာဂါမိမဂ်ကကာမတဏှာကိုလည်းဖြတ်လိုက်ရော ဒီမယားလေးကို သူလိုချင်

သေးလား၊ (မလိုချင်တော့ပါဘူးဘုရား)။ ကြိုက်တဲ့လင်နဲ့နေစေတော့၊ ဘာမှမဖြစ်တော့ဘူး၊ အဲဒါအေးချမ်းမှုပဲ၊ ကဲယောဂီတို့ ဒီအချိန်မှာ သူကအနာဂါမိမဂ်မတည်ခင်မှာများ အဲဒီမိန်းကလေးက တစ်ခြားယောကျ်ားလေးနဲ့များ ဖောက်ပြန်တယ်ဆိုရင် သူကသတ်မှာမဟုတ်လား၊ (သတ်မှာပါဘုရား)၊ သတ်မှာ၊ ဦးဇင်း ဟိုတစ်နေ့ကဟောဖူးတယ်၊ ဒီကယောဂီတို့ တစ်ချို့နာလိုက်ရမယ်၊ ရွှေဘောရွာကတဲ့ အခုတော့သေသွားရှာပြီ၊ ဘွဲ့ရကျောင်းအုပ်ကြီးတဲ့ ယောဂီတို့ ဟိုအထက်မိတ္ထီလာကလို့ပြောတယ် ဥပဓိရုပ်ကကောင်းကောင်းနဲ့ အဲဒါလေ သူ့မိန်းမက ယောကျ်ားတစ်ယောက်နဲ့ဖောက်ပြားတယ်ဆိုပြီးတော့ စောင့်ပြီးဖမ်းတယ်၊ ယောကျ်ားကော မိန်းမကော အတုံးတုံး အတစ်တစ်ကို ဓားနဲ့ခုတ်သတ်ပစ်လိုက်တာ၊ အဲဒီ လင်ငယ်ကောမယားကိုကော သူခုတ်သတ်တဲ့အချိန် သူ့အသက်ကလည်း၊ သုံးဆယ်ကျော်ဆိုတော့ အရွယ်ကောင်းပဲရှိသေးတယ်။

အဲဒါသတ်ပြီးတော့ ထောင်အနှစ်ဘယ်လောက်လဲမသိဘူးကျတယ်၊ အဲဒါအခုလွတ်လာပြီးတော့ အဲဒီရွှေဘောရွာနားက ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ သူက ဦးဇင်းဝတ်တယ်၊ အဲဒါ သူကဒီအသားကြီး ငါးကြီးတွေကိုမစားတော့ ဟိုကျောင်းထိုင်ဘုန်းကြီးအတွက်ထားတဲ့ ငါးခြောက်လေးယူစားမိတယ်ပေါ့၊ အဲဒါကိုကျောင်းအစ်မကြီးက အပြစ်တင်တယ်ပေါ့လေ၊ စောင်းမြောင်းပြောတာ သူကမကျေနပ် ဖြစ်ပြီးတော့ ကျောင်းအစ်မကြီးကို သတ်ဖို့ကြံတယ်တဲ့ ဟောဒေါသက ဘယ်လောက်ကြောက်စရာကောင်းလည်း၊ အခုထိပါတုန်း၊ ထောင်အနှစ်နှစ်ဆယ်ကျပြီးဒေါသက မကုန်သေးဘူး၊ သတ်မယ်တဲ့။

နောက်တော့သူပြန်သတိရတယ်၊ သတ်လို့မဖြစ်ပါဘူးငါဒီကျောင်းကကျေးဇူးရှိတယ်ပေါ့၊ ဒါပေမဲ့ ငါဒီမိန်းမကြီးကိုမြင်ရင်သတ်မိမှာ၊ မတွေ့အောင်ဆိုပြီးလူထွက်ပြီးတော့သွားတယ်၊ ကြည့်ဒေါသက ဒေါသက၊ ထွက်ပြီးတော့သူ့ကိုဘေးကမေးကြတာပေါ့၊ မိတ္ထီလာမပြန်တော့ဘူးလားလို့ဆိုတော့ ပြန်လို့မဖြစ်တော့ဘူးတဲ့၊ သူကသူ့မိန်းမကိုသတ်ခဲ့ပြီးတော့၊ သူ့မှာသူ့ခလေးရှိတာကို ဒီခလေးတွေက အခုချိန်ဆို လူကြီးတွေဖြစ်နေလောက်ပြီလေ၊ အမေကို တုံးတုံးတစ်တစ်ခုတ်သတ်တဲ့အဖေဆိုတော့ ဘယ်သားသမီးကမှ ကြည်ဖြူမှာ မဟုတ်တော့ဘူးတဲ့။

ဒါကြောင့်မပြန်တော့ဘူး၊ အဲဒီတော့မြန်မြန်ပဲသေတာကောင်းတယ်ဆိုပြီးတော့၊ အရက်ဦးရည်တွေ သောက်ပြီး တော့သေသွားရှာတယ်၊ငရဲသွားပြီ ကြည့်စမ်းယောဂီတို့ အဲဒီလိုသူ့မိန်းမနဲ့လင်ငယ်ကို အတုံးတုံးတစ်တစ်ခုတ်သတ်တာဟာ အပေါ်ယံကြည့်ရင်တော့ဒေါသပေါ့၊ အဲဒီဒေါသက မှတ်ထား ကာမတဏှာကြောင့်လာတာ၊ ဘယ်ကလာတာလဲ (ကာမတဏှာကလာတာပါဘုရား)။

ဒါကြောင့်ကာမတဏှာက မပူလောင်ဘူးလား (ပူလောင်ပါတယ်ဘုရား)၊ အခု ဝိသာခတို့ ကာမတဏှာရှိသေးလား၊ (မရှိတော့ပါဘူးဘုရား)၊ ဒီတော့ပူလောင်အုံးမလား (မပူလောင်တော့ပါဘူးဘုရား)၊ အဲဒီလိုမြင်ရတယ်ယောဂီတို့ တရားဆိုတာ ဟော. . ဒါကြောင့် ချမ်းတယ်ပြောတာ၊ ကြည့်ယောဂီတို့သူ့လက်လဲမကိုင်တော့ရော၊ စိတ်တအား၊ ထိခိုက်သွားတယ်၊ ဟာ. . ဘယ်လို ဖြစ်ပါလိမ့်ပေါ့ ထမင်းလည်းစားတော့ တစ်နေရာစီခွဲစားတယ်အတူတူတောင်၊ မစားတော့ဘူး နောက် ညအိပ်တော့ပိုဆိုးတာပေါ့ အခန်းခွဲအိပ်တယ် အဲဒီတော့မိန်းမကမခံစားနိုင်တော့ဘူး ကြာရင်သူသေ တော့မယ် မီးလောင်ပြီလေ၊ ယောဂီတို့ သစ္စာလေးပါး ပြန်ဆိုစမ်း။

လိုချင်လျှင်ဆင်းရဲသည်၊ မလိုချင်လျှင်ချမ်းသာသည်၊ ကြည့်စမ်းအခု ဓမ္မဒိန္နာအမျိုး သမီးလေး ဟာလေ ငါယောကျ်ားဆိုပြီးတော့ကာမတဏှာနဲ့ သူ့ယောကျ်ားကိုမစွဲဘူးလား၊ (စွဲပါတယ်ဘုရား)၊ သူတအားမလိုချင်ဘူးလား၊ (လိုချင်ပါတယ်ဘုရား)၊ မနှစ်သက်ဘူးလား၊ (နှစ်သက်ပါတယ်ဘုရား)၊ အဲဒီတော့လိုချင်တာဟာ တခြားလား၊ သမုဒယသစ္စာလား၊ သမုဒယသစ္စာရှိရင် ဘာသစ္စာရမလဲ၊ (ဒုက္ခသစ္စာရပါတယ်ဘုရား)၊ ဒါဘဲ အခုသူဆင်းရဲမနေဘူးလား၊ (ဆင်းရဲပါတယ်ဘုရား)။

သေတော့မယ် အခုတကယ်သေတော့မှာ၊ သူလောင်နေတာပေါ့နော်၊ ငါယောကျ်ား ငါကို ပြစ်ထားတော့မှာထင်တယ်ဆိုပြီးတော့၊ အဲဒီတော့အိပ်ခါနီးမှာ သူအခန်းထဲဝင်လာတယ်၊ ယောကျ်ားအခန်းကို မေးမလို့ အဲဒီလိုသူ့ကိုပစ်ပစ်ခါခါပြောရင်တော့ အဲဒီညသူသေမှာ၊ ကြည့်စမ်းဘယ်လောက်ပူလောင်လဲလို့၊ အသေကိုခံရတယ် ယောဂီတို့၊ ဒီပူလောင်မှုကာမတဏှာကလူကိုတောင် အသေသတ်မှာ၊ မေးတယ် သူဌေးကြီးပေါ့ ကျွန်မမှာအပြစ်ရှိလို့လားတဲ့၊ ကျွန်မကိုပြုံးလည်းမပြုံး၊ လက်ကိုလည်းမဆွဲဘူး၊ ထမင်းလည်းအတူတူမစားဘူး၊ ညကျရင်လည်းခွဲအိပ်တယ်၊ အပြစ်ရှိရင်ပြောပါတဲ့၊ အဲဒီအချိန်မှာ ဝိသာခ ဒကာကြီးက သူတရားရတာကိုအတိအကျမပြောလို့ရှိရင် အဲဒီမိန်းမရင်ကွဲနာကျသေမှာ။

တကယ်တော့အရိယာတွေဟာ ကိုယ့်မဂ်ဉာဏ်ဖိုလ်ဉာဏ်ရတာကို ဘယ်တော့မှမပြောဘူး၊ အခုတော့အဲဒီလို မပြောရင်သေမှာဆိုတော့ ဝိသာခကပြောပြပါတယ်၊ ဓမ္မဒိန္နာတဲ့ ငါတရားရခဲ့ပြီတဲ့၊ ငါ့မှာကာမတဏှာမရှိတော့ဘူး၊ မင်းနဲ့ငါလင်မယားလို မနေချင်တော့ဘူးတဲ့၊ နေချင်စိတ်တွေ ကုန်သွားပြီတဲ့၊ ဒါ့ကြောင့်ဒီနေ့ကစပြီးတော့ မင်းငါ့ကိုအစ်ကိုကြီးတစ်ယောက်လိုပဲ သဘောထားတော့တဲ့၊ ငါလည်းမင်းကိုနှမလေးတစ်ယောက်လို သဘောထားပြီး စောင့်ရှောက်မယ်တဲ့၊ ပြီးတော့ဟောဒီငါပိုင်သမျှ စည်းစိမ်ဉစ္စာအားလုံးမင်းကိုတစ်ယောက်တည်းအပြီးလွှဲလိုက်ပြီတဲ့၊ ကြည့်စမ်းယောဂီတို့ ကာမတဏှာကင်းတာ မချမ်းသာဘူးလား၊ (ချမ်းသာပါတယ်ဘုရား)။

ချမ်းသာသွားပြီ လုံးဝမလိုချင်တော့ဘူး၊ မင်းပဲဦးဆောင်ပြီးတော့စီးပွားရှာတဲ့၊ ပြီးတော့ မင်းအသက်ဟာငယ်သေးတယ်တဲ့၊ မင်းနဲ့ရွယ်တူတန်းတူယောကျ်ားတွေ့ရင် အိမ်ထောင်ပြုပါတဲ့၊ ဒီလိုကို ပြောတာ၊ ယောဂီတို့ အပြီးကိုခွင့်ပြုလိုက်တာ၊ ဟန်ဆောင်တာမဟုတ်ဘူး၊ ငါ့ကိုတော့ မင်းရဲ့အစ်ကိုကြီး တစ်ယောက်လိုပဲ အိမ်ဦးခန်းမှာထားပြီးတော့ နေ့စဉ်ထမင်းနှစ်နပ်ကျွေးရင် တော်ပါပြီတဲ့၊ ငါတရားနဲ့ နေချင်ပါတယ်တဲ့၊ ဟော အဲဒီအခါကျတော့ယောဂီတို့ ဓမ္မဒိန္နာကလည်းပါရမီရှိတယ်၊ မေးတယ် တကယ်လားတဲ့ ကျွန်မမေးချင်တာကအခုသူဌေးကြီးရခဲ့တဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဟာ သူဌေးကြီးတို့လို ယောကျ်ားအမျိုးသားတွေသာရကောင်းတာလား၊ ကျွန်မတို့အမျိုးသမီးတွေ မရကောင်းဘူးလား၊ ဒီလိုမေးပါတယ်။

ဟာ အရှင်ဓမ္မဒိန္နာမြစ်စွာဘုရားတရားတော်ဟာ ယောကျ်ားမိန်းမ မခွဲခြားပါဘူး၊ အားလုံး ရကောင်းပါတယ်လို့လည်း ပြောလိုက်ရော၊ ဓမ္မဒိန္နာက ဒါဆိုရင်သူဌေးကြီးတဲ့ သူဌေးကြီး ကိုယ်တိုင်တောင်ဟောဒီစီးပွား ဉစ္စာ ရွှေ ငွေ ရတနာတွေကို တံတွေးလိုထွေးပြစ်ခဲ့ ပြီးပြီပဲ၊ ကျွန်မကို ပေးခဲ့တဲ့၊ သူဌေးကြီးကိုယ်တိုင်ရွံလို့ထွေးပြစ်ခဲ့တဲ့ တံတွေးနဲ့ တူတဲ့ စည်းစိမ်ဉစ္စာတွေကို ကျွန်မလည်း မလို ချင်ပါဘူးတဲ့။

အဲဒီတော့ကျွန်မလည်း သူဌေးကြီးရခဲ့တဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရအောင် အားထုတ်ချင်တယ်၊ ကျွန်မကို ဘိက္ခုနီမဝတ်ခွင့်ပေးပါလား၊ ဟောခွင့်တောင်းတယ်၊ အဲဒီတော့ ဟိုကလည်းဝတ်ပေါ့လို့ ကွာခွင့်ပေးတာပေါ့၊ အဲဒီမှာယောဂီတို့ ဘိက္ခုနီမဝတ်ပေးလိုက်ပြီးတော့၊ သူသည် ရာဇဂြိုဟ်မြို့နဲ့ မိုင်ပေါင်းအများကြီးဝေးတဲ့တောထဲမှာပေါ့၊ မြတ်စွာဘုရားဆီက ကမ္မဋ္ဌာန်းတရားတွေ ယူပြီးတော့ အားထုတ်လိုက်တာ ဟော လများမကြာမီမှာပဲ ရဟန္တာကြီးဖြစ်တယ်တဲ့၊ ဘာဖြစ်သွားလဲ၊ (ရဟန္တာကြီးဖြစ်သွားပါတယ်ဘုရား)။

အဲဒီ ဓမ္မဒိန္နာကြီး ရဟန္တာဖြစ်တဲ့အခါမှာ မဂ္ဂင်ရှစ်ပါးကိုက်ပုံ သစ္စာလေးပါးစိုက်ပုံ များကိုတော့ မနက်ဖြန်ခါ ညကြမှပဲပြောတော့မယ် အခုတော့သူတို့ရဲ့အမေးအဖြေလေးတွေကို၊ စပြီးတော့ ပြောရအောင်ပေါ့၊ ဟို. . ခက်ခဲတဲ့ ဟာတွေဆိုတော့ တအားနင်းကန်ပြောလိုက်ရင် ယောဂီတို့ နားမလည်မှာဆိုးလို့၊ တတိယနိဗ္ဗာန်ကို မနက်ဖြန်မှပြောမယ် အခုတော့ ရဟန္တာဖြစ်တဲ့ဟာလေး

စရအောင်၊ ပြီးတော့မှ ရဟန္တာဖြစ်ပုံပြောရအောင်၊ ရဟန်းကိစ္စပြီးသွားတော့၊ ဓမ္မဒိန္နာ က၊ ငါကတော့ ရဟန်းကိစ္စပြီးပြီ၊ ငါ့ရဲ့ဆွေမျိုးသားချင်းနဲ့ကျေးဇူးရှိတဲ့ ပုဂ္ဂိုလ်များအတွက်၊ ကျေးဇူးဆပ်တဲ့အနေနဲ့ ငါရာဇဂြိုလ်ကိုပြန်မယ်ဆိုပြီးတော့၊ ရာဇဂြိုလ်ပြည် ဝေဠုဝန်ကျောင်းကိုပြန်လာတယ်။

သူ့ဇနီးပြန်ရောက်လာတယ်၊သတင်းကြားတော့၊ ဝိသာခဒကာကြီးကစိုးရိမ်သွားတယ်၊ ပြန်လာတာဆိုတော့သူစိတ်ထဲမှာ အင်း ငါ့ဒကာမတော့ပုံစံကြည်ရတာ ပျင်းပြီးတော့ပြန်လာတယ်ထင်တယ်၊ တရားရမယ်မထင်ဘူး၊ ဟိုအမျိုသမီးကရဟန္တာဖြစ်သွားပြီး၊ ဘာဖြစ်သွားတယ် (ရဟန္တာဖြစ်သွားပါတယ်ဘုရား)၊ အင်း. . အမျိုးသမီးက အမျိုးသားထက်တောင်သာသွားသေးတယ်၊ သူ့ဒကာကြီးက အနာဂါမ်၊ ဒကာမကြီးကဘာပါလိမ့်၊ (ရဟန္တာပါဘုရား)၊ ဒါဖြင့်ယောဂီတို့ အမျိုးသမီးဖြစ်စေ၊ အမျိုးသားဖြစ်စေ၊ ဒီကပြသတဲ့နည်းအတိုင်းရှုမှတ်ပွားများရင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ မရနိုင်ဘူးလား(ရနိုင်ပါတယ်ဘုရား)၊ ရနိုင်တယ်၊အဲဒါ ပညာရှိပုဂ္ဂိုလ်များဆိုတော့၊ မင်း တရားရဲ့လားလို့ဒီလိုမျိုးမမေးဘူး ပညာနဲ့မေးတယ်၊

သူရဲ့မေးခွန်းတွေက အစဉ်အတိုင်းသွားတယ်၊ မေးခွန်ပေါင်(၃၀၀)ကျော်တယ်၊ ဒါယောဂီတို့ အားလုံးသိသင့်တယ်ထင်လို့ သေချာအပင်ပန်းခံပြီးတော့ပြောပေးမယ်၊ ဟိုထဲမှာတော့ အကျဉ်းလေးပေါ့၊ ဦးဇင်းကအကျယ်ချဲ့ပြီးတော့ပြောပေးမှာ၊ နားလည်အောင်ပေါ့၊ အဲဒီတော့ သူကမေးခွန်းတွေမေးတယ်၊ မေးတဲ့အခါမှာ ပထမဆုံး သောတာပန်တွေသာဖြေနိုင်တဲ့မေးခွန်းတွေမေးတယ်၊ အဲဒီမေးခွန်းတွေ သူ့မိန်းမဖြေနိုင်တဲ့အခါမှာ သကဒါဂါမ်တွေသာ ဖြေနိုင်တဲ့မေးခွန်းကိုထပ်မေးတယ်။

ဒါလည်းဖြေနိုင်တာပဲ၊ နောက် အနာဂါမ်တွေသာဖြေနိုင်တဲ့မေးခွန်းကိုထပ်မေးတယ်၊ ဖြေနိုင်တယ်၊ အဲဒီမေးခွန်းတွေအားလုံးဖြေပြီးတော့မှ အမေးအဖြေတွေမှန်မှသူဟာ သူ့ရဲ့အမျိုးသမီး ရဟန္တာဖြစ်ကြောင်းကိုနားလည်သွားတယ်၊ ဒီတော့ သူ့ရဲ့အမေးအဖြေတွေဟာ အခုတရားအားထုတ်နေတဲ့ယောဂီတိုင်းသိသင့်တဲ့ အဖြေတွေချည်းပဲ။

ဒါ့ကြောင့် မေးခွန်းလေးတွေကိုစတင်ဖြေကြရအောင်၊ အချိန်ရရင်ဦးဇင်းကတော့ ဒီမေးခွန်းလေးတွေကို အမေးရပ်ပြီးတော့တရားနာတဲ့ယောဂီအားလုံးကို စာမေးပွဲဖြေသလို ဖြေစေချင်တယ်၊ ပြီးတော့ ဆုချမှာပေ့ါနော်၊ အဲဒါဆိုပိုကောင်းတာပေါ့၊ နောက်သင်္ကြန်တွင်းကျရင် အဲဒီလို တရားစခန်းလည်းသိမ်းရော ဒီမေးခွန်းတွေကို နောက်ဆုံးနေ့မှာ လက်ရေးနဲ့ဖြေပေါ့။

အမှတ်အများဆုံးပုဂ္ဂိုလ်ကို ဆုချမယ်၊ ဟုတ်လား၊ ဒီလိုလုပ်ရမယ်၊ အခုကြည့် ပထမဆုံး စမေးတယ်၊ အဲဒီဒကာကြီးက-

"အရှင်မ သက္ကာယဆိုတာ ဘာလဲ၊ သေချာမှတ်ယောဂီတို့၊ မှတ်မိအောင်ကိုမှတ်ကြ၊ အရေးကြီးတယ်၊ မေးလိုက်ပြီ၊ ဒါ တရားအားထုတ်တဲ့ယောဂီတိုင်းသိရမယ်၊ သက္ကာယဆိုတာ အပေါင်းအစုကိုဟောတာတဲ့၊ ယောဂီတို့ သက္ကာယဒိဋ္ဌိကောကြားဖူးလား၊ (ကြားဖူးပါတယ်ဘုရား)၊ သက္ကာယဒိဋ္ဌိ သက္ကာယဒိဋ္ဌိနဲ့အခုသူမေးတာက ဒီ ဒိဋ္ဌိမဟုတ်ဘူး၊ ဘာကိုမေးတာလဲ သက္ကာယကိုမေးတာ၊ သက္ကာယဆိုတာဘာလဲ၊ အဲဒီတော့ဟိုကဖြေတယ်၊ ဒကာကြီးတဲ့၊သက္ကာယဆိုတာ ဥပါဒါနက္ခန္ဓာငါးပါးပဲတဲ့။

ဥပါဒါနက္ခန္ဓာလေးပါးဆိုတာကို အထူးအဆန်းမထင်နဲ့၊ ခန္ဓာငါးပါးကိုပြောတာ၊ သို့သော် ပုထုဇဉ်တွေအတွက်ကျတော့ ဥပါဒါနက္ခန္ဓာကိုထည့်ရတယ်၊ ရဟန္တာတွေရဲ့ခန္ဓာကျတော့ရိုးရိုးခန္ဓာ၊ ဥပါဒါန်ဆိုတာစွဲလမ်းခြင်းနှင့်တကွဖြစ်သောခန္ဓာ၊ ဥပါဒါန်ဆိုတာအစွဲအလမ်းပဲလေ၊ တဏှာအကြီးစားပေါ့၊ တဏှာနဲ့တကွဖြစ်သောခန္ဓာကို ဥပါဒါနက္ခန္ဓာလို့သုံးတယ်။

အဲဒီတော့ ဥပါဒါနက္ခန္ဓာကိုပဲသက္ကာယလို့ခေါ်တယ်၊ ပထမအဖြေပြီးသွားပြီ။

ဒုတိယဆက်မေးတယ်၊ အရှင်မသက္ကာယဖြစ်ခြင်းအကြောင်းကဘာလဲတဲ့၊ တနည်း ခန္ဓာငါးပါးဟာ ဘယ်သူ့ကြောင့်ဖြစ်တာလဲတဲ့၊ ဟော မေးပြီ၊ဟိုကဖြေတယ်၊ တဏှာသုံးပါးကြောင့်ဖြစ်တာတဲ့၊ ယောဂီတို့ အခုရတဲ့ခန္ဓာငါးပါး ဘယ်သူ့ကြောင့်ဖြစ်တာ။

(တဏှာသုံးပါးကြောင့်ဖြစ်တာပါဘုရား)။

တဏှာသုံးပါဆိုတာ ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာတဲ့။

ကာမတဏှာဆိုတာ အဆင်း အသံ အနံ့ အရသာ အတွေ့အထိဆိုတဲ့ အာရုံငါးပါးကို တပ်မက်တာကိုပြောတာ၊ ဘဝတဏှာဆိုတာ လူ့ဘဝ နတ်ဘဝ စတဲ့ဘဝခန္ဓာတွေလိုချင်တဲ့ တဏှာကိုပြောတာ၊ ဝိဘဝတဏှာဆိုတာကတော့ ဥစ္ဆေဒဒိဋ္ဌိပေါ့၊ ဘဝပြတ်တာကိုလိုချင်တာ၊ သူက နိဗ္ဗာန်ရတာကို ပြောတာမဟုတ်ဘူး၊ သေပြီးရင်ပျက်တာဘာမှမဖြစ်တော့ဘူးဆိုတဲ့ ရုပ်ဝါဒီသမားတွေရဲ့ အယူအဆပေါ့၊ ဥစ္ဆေဒဒိဋ္ဌိနဲ့ တကွဖြစ်တယ်တဲ့။

အဲဒီဝိဘဝတဏှာက အဲဒီတဏှာ(၃)မျိုးကြောင့်ဥပဒါန်ခန္ဓာငါးပါးဟာ လာဖြစ်တာပါဖြေတယ်၊ နောက်ဆက်မေးတယ် အရှင်မအဘယ်တရားချုပ်ရင်သက္ကာယချုပ်သလဲတဲ့၊ သက္ကာယချုပ်တဲ့နေရာဟာ ဘယ်နေရာလဲ၊ ဒီလိုပြောတာပါဘဲနော် ၊ တနည်းအားဖြင့် အဘယ်တရားတွေချုပ်ရင်သက္ကာယချုပ်သလဲ ဒီလိုပြောတာပါ၊ ဟိုကဖြေတယ်၊ တဏှာအကြွင်းမဲ့ချုပ်ရင်သက္ကာယချုပ်တယ်တဲ့ တနည်း နိဗ္ဗာန်ဟာ သက္ကာယချုပ်တဲ့နေရာတဲ့ အဲဒီတော့ခန္ဓာငါးပါးချုပ်တဲ့နေရာဟာ ဘာပါလိမ့်၊(နိဗ္ဗာန်ပါဘုရား)၊ အဲဒီနိဗ္ဗာန်ရောက်မှ ခန္ဓာငါးပါးဟာချုပ်ပါတယ်တဲ့ အဲဒီကျမှဒုက္ခလည်းချုပ်တာ ခန္ဓာရှိလို့ ဒုက္ခလည်းရှိတာ ခန္ဓာရှိလို့ ဘာရှိတာလဲ (ဒုက္ခရှိတာပါဘုရား)၊ ခန္ဓာမရှိရင် (ဒုက္ခလည်းမရှိပါဘုရား)၊

အဲဒါ ရဟန္တာတွေခံစားတဲ့ ပထမနိဗ္ဗာန်ဘဲ၊ ဒါဦးဇင်းတို့ ယောဂီတို့ကဉာဏ်မမှီသေးဘူး၊ အဲဒါကို ဦးဇင်းတို့ ယောဂီတို့ မလိုချင်သေးတာဟာအပြစ်မဟုတ်ဘူး ဉာဏ်မမှီသေးလို့ ဒါနက်နဲတယ်လေ၊ ဒါ ရဟန္တာများမှ ဒီနိဗ္ဗာန်ကိုနားလည်ခံစားနိုင်တယ်၊ သာမန်ပုဂ္ဂိုလ်တွေနားမလည်နိုင်ဘူး၊ ခံလည်း မခံစားနိုင်ဘူး၊ နောက်ဆက်မေးတယ်၊ အရှင်မတဲ့သက္ကာယချုပ်ခြင်းရဲ့အကြောင်းကိုဖြေပါတဲ့၊ အဲဒီ သက္ကာယချုပ်မှနိဗ္ဗာန်ရတယ်ဆိုတော့ သက္ကာယချုပ်အောင် ဘယ်လိုလုပ်ရမလဲတဲ့၊ သက္ကာယချုပ်ဖို့ အတွက်ဘာတွေလိုလဲတဲ့၊ အဲဒီလိုမေးတာ။

ဒကာကြီးတဲ့သက္ကာယချုပ်ဖို့အတွက် မဂ္ဂင်ရှစ်ပါးကိုပွားများတာကို ဖြေပြီးသွားပြီ၊ သက္ကာယ ချုပ်ဖို့အတွက်ဘာကို ပွားများရမယ်၊ (မဂ္ဂင်ရှစ်ပါးကိုပွားများရပါမယ်ဘုရား)၊ အခု ယောဂီတို့ မြင်တိုင်း, ကြားတိုင်း, နံတိုင်း, စားတိုင်း, ထိတိုင်း, တွေးကြံတိုင်းမှာ ခန္ဓာငါးပါးဖြစ်ပြီးတော့ မပျက်ဘူးလား၊ (ပျက်ပါတယ်ဘုရား)၊ ဒါ့ကြောင့် အခုယောဂီတို့အောက်မှာထိုင်တယ်လေ၊ အောက်က ဖယောင်းပုဆိုးတွေ ဖျာတွေ မခင်းထားဘူးလား၊ (ခင်းထားပါတယ်ဘုရား)၊ ဖယောင်းပုဆိုး ဖျာဆိုတာ ဖောဋ္ဌဗ္ဗာရုံ၊ ဘာပါလိမ့်၊ (ဖောဋ္ဌဗ္ဗာရုံပါဘုရား)။

အတွေ့အထိရုပ်၊ ယောဂီတို့ရဲ့ တင်ပါးတွေ ပေါင်တွေ ခြေသလုံးတွေမှာ ရှိတာက ကိုယ်အကြည်ရုပ်၊ ဘာပါလိမ့်၊ (ကိုယ်အကြည်ရုပ်ပါဘုရား)၊ အဲဒီနှစ်ခု မတိုက်ဘူးလား၊ (တိုက်ပါတယ်ဘုရား)၊ တိုက်တော့ ထိသိစိတ်လေး မပေါ်ဘူးလား၊ (ပေါ်ပါတယ်ဘုရား)၊ ပေါ်တယ်၊ အဲဒီတော့ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အတွေ့အထိရုပ်ရယ်၊ ကိုယ်အကြည်ရုပ်ရယ်၊ သင်ဖျူးဖျာတွေဆိုတာ ပညတ်တွေပါ၊ တွေ့ထိတဲ့သဘောလေးကမှ ပရမတ်၊ သူက ပျက်တာ။

နောက်ကိုယ်အကြည်ရုပ်ဆိုတာကလည်း တင်ပါးတွေ ပေါင်တွေ ခြေသလုံးတွေ မဟုတ်ဘူး၊ ဒါတွေက ပညတ်၊ အဲဒီမှာ ဖောဋ္ဌဗ္ဗာရုံ၊ အရိပ်ထင်တဲ့နေရာလေး၊ သဘောတရားလေး၊ အဲဒါကမှ ပရမတ်၊ သူက မမြင်ရဘူး၊ ထိလို့လည်း မရဘူး၊ အဲဒီရုပ်နှစ်ပါးကို ဘာခန္ဓာဖွဲ့၊ ရူပက္ခန္ဓာဖွဲ့၊ သူသည် ဖြစ်ပြီးတော့

မပျက်ဘူးလား၊ (ပျက်ပါတယ်ဘုရား)၊ ပျက်သွားပြီ၊ တစ်ခါထိသိစိတ်ကလေးကော၊ အဲဒီနေရာမှာ ဖြစ်ပြီးတော့မပျက်ဘူးလား၊ (ပျက်ပါတယ်ဘုရား)၊ ထိသိစိတ်ကနာမ်တရားဆိုတော့ ဘာခန္ဓာဖွဲ့ရမယ်၊ (ဝိညာဏ က္ခန္ဓာပါဘုရား)။

ဝိညာဏက္ခန္ဓာ၊ဖြစ်ပြီးတော့ ပျက်၊ အဲဒီထိသိစိတ်နဲ့အတူ စေတသိက်ခုနစ်လုံးထဲက ထိရတဲ့ အရသာကို ခံစားတဲ့ဝေဒနာစေတသိက်က ဘာခန္ဓာ၊ (ဝေဒနာက္ခန္ဓာပါဘုရား)၊ ဟာငါထိနေတာ သင်ဖျူးဖျာပဲ၊ ဖယောင်း ပုဆိုးပဲလို့မှတ်သားတဲ့ သညာစေတသိက်က ဘာခန္ဓာ၊ (သညာက္ခန္ဓာပါဘုရား)၊ ဟောငါတို့ ဒီတရားပွဲပြီးတဲ့အထိဆက်ထိုင်နေမယ်လို့ တိုက်တွန်းနိုးဆော်တဲ့ခန္ဓာကို ဘာခန္ဓာဖွဲ့၊ (သင်္ခါရက္ခန္ဓာပါဘုရား)၊ အဲဒီနာမ်ခန္ဓာလေးပါးကော ဖြစ်ပြီးတော့ မပျက်ဘူးလား၊ (ပျက်ပါတယ်ဘုရား)။

အဲဒီတော့ ယောဂီများရေ အဲဒီခန္ဓာငါးပါးစလုံးဖြစ်ပြီးတော့ပျက်တာကို ယောဂီတို့ ဟော ဘယ်နေရာထိုင်ထိုင် ယောဂီတို့တထိုင်တည်းရှုလို့မရဘူးလား၊ (ရပါတယ်ဘုရား)၊ ဟော ခန္ဓာငါးပါးပျက်နေတာပဲလို့တွေးပြီး၊ သိပြီးတာဟာရှုတာပဲ၊ အဲဒီလိုရှုလိုက်လို့ဆိုရင်တော့ ဒါခန္ဓာငါးပါး မမြဲတဲ့တရားလို့ ပိုင်းခြားပြီးတော့သိတာဟာ ပညာပေါ့၊ အဲဒီပညာဟာ သမ္မာဒိဋ္ဌိမဂ္ဂင်၊ ဘာမဂ္ဂင်တဲ့၊ (သမ္မာဒိဋ္ဌိမဂ္ဂင်ပါဘုရား)၊ တစ်ခါယောဂီတို့အဲဒီမှာ အသိမှန်တော့ ဩော် ဒါကခန္ဓာငါးပါးပဲ၊ ငါဆိုတာ မဟုတ်ပါလား၊ ပုဂ္ဂိုလ်သတ္တဝါဆိုတာမဟုတ်ပါလား၊ ယောကျ်ား မိန်းမဆိုတာမဟုတ်ပါလား၊ လက်တွေ ခြေတွေဆိုတာမဟုတ်ပါလား၊ ရုပ်နဲ့နာမ်ဘဲ၊ ခန္ဓာငါးပါးဘဲလို့ အတွေးမှန်အကြံမှန်တာပဲဆိုတာ ဘာမဂ္ဂင်တဲ့၊(သမ္မာသင်္ကပ္ပမဂ္ဂင်ပါဘုရား) သမ္မာသင်္ကပ္ပမဂ္ဂင်။

ဟော ပညာမဂ္ဂင်နှစ်ပါး မပါဘူးလား၊ (ပါပါတယ်ဘုရား)၊ အရင်တုန်းက ခန္ဓာငါးပါးရှိမှန်း တောင်သိရဲ့လား (မသိပါဘူးဘုရား)၊ မသိဘူး၊ မသိတော့ ရှုကောရှုတတ်ရဲ့လား (မရှုတတ်ပါဘူးဘုရား)၊ ဘယ်ရှုတတ်မှာလဲ၊ အခုတော့ယောဂီတို့သိသွားပြီ၊ သိတော့ယောဂီတို့ ကြုံတိုင်း ဝီရိယစိုက် ပြီးမရှုဘူးလား၊ (ရှုပါတယ်ဘုရား)၊ အဲဒီလို နာမ်ဝီရိယစိုက်ပြီးတော့သွားရင်း၊ လာရင်း၊ စားရင်း၊ သောက်ရင်း၊ ဈေးသွားရင်းနဲ့ ရှုပွားတာဟာလုံ့လစိုက်တာဟာ၊ သမ္မာဝါယမမဂ္ဂင်၊ ဘာမဂ္ဂင်ပါလိမ့် (သမ္မာဝါယမဂ္ဂင်ပါဘုရား) အဲဒီလိုရှုပွားဖို့သတိရတာက သမ္မာသတိမဂ္ဂင် ဘာမဂ္ဂင်ပါလိမ့် (သမ္မာသတိ မဂ္ဂင်ပါဘုရား)။

အဲဒီလိုရှုပွားလိုက်မှယောဂီတို့ရဲ့ ဝိပဿနာဉာဏ်၊ ရှုစိတ်ကလေးသည် ခန္ဓာငါးပါးဆိုတဲ့ပရမတ် အာရုံတည်သွားတယ်၊ငြိမ်သွားတယ် အဲဒါဧကဂ္ဂတာစေတသိက်၊ သမ္မာသမာဓိမဂ္ဂင်၊ ဘာမဂ္ဂင်ပါလိမ့်၊ (သမ္မာသမာဓိမဂ္ဂင်ပါဘုရား) ဟော. . ယောဂီတို့ သမာဓိမဂ္ဂင်နဲ့ပညာမဂ္ဂင်က အလုပ်မလုပ်ဘူးလား (လုပ်ပါတယ်ဘုရား)၊ အေး မဂ်မကျသေးရင် အဲဒီမဂ္ဂင်ငါးပါးကအလုပ်မလုပ်ဘူးလား (လုပ်ပါတယ်ဘုရား) မဂ်မကျသေးသရွေ့ပေါ့၊ပါရမီကုသိုလ်ရှိလို့၊ မဂ်လည်းကျပြီဆိုတော့၊ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ,၊ အဲဒီသုံးပါးလည်းရောက်လာရော၊ တစ်ခါတည်း အဲဒါရဟန္တာဖြစ်ရင်လဲဖြစ်ပေါ့၊ အစဆိုရင်တော့သောတာပန်တည်မှာပေါ့၊ သောတာပန်တည်ပြီးသားဆိုရင်တော့ သကဒါဂါမ်လေ၊ သကဒါဂါမ်တည်ပြီးသားဆိုရင်တော့အနာဂါမ်ပေါ့၊ အနာဂါမ်တည်ပြီးသားဆိုရင်တော့ ရဟန္တာပေါ့၊ အဆင့်ဆင့်သွားတာ၊ ဒါကြောင့်ယောဂီတို့၊ အဲဒီခန္ဓာငါးပါး ချုပ်တဲ့အကြောင်းဟာလေ၊ တစ်ခြားလား မဂ္ဂင်ရှစ်ပါးလား၊ (မဂ္ဂင်ရှစ်ပါးပါဘုရား)

အဲဒီတော့ မဂ္ဂင်ရှစ်ပါးပွားတယ်ဆိုတာဟာ၊ တစ်ခြားလား ခန္ဓာငါးပါးအနိစ္စရှုတာလား (ခန္ဓာငါးပါး အနိစ္စရှုတာပါဘုရား) အဲဒါအဖြေပဲ၊ ဒါဖြင့်ယောဂီတို့မဂ္ဂင်ရှစ်ပါးရတယ်လို့ အဲဒီလိုသေချာမသိဘူး၊ အဲဒီတောခန္ဓာငါးပါးအနိစ္စလို့မြင်တိုင်း ကြားတိုင်း၊ နံတိုင်း၊ စားတိုင်း၊ တွေးကြံတိုင်းကို သတိကပ်မိတဲ့

အခါတိုင်းမှာရှုပွားတာဟာ၊ ဩော်. . ငါတို့ မဂ္ဂင်ရှစ်ပါးလုပ်တာပဲ၊ အချိန်ကျရင်ငါတို့မဂ်ရမှာပဲလို့ သေချာမှတ်ထားလိုက်တော့။

ကဲဒီနေ့တော့အချိန်စေ့ပြီ၊ မနက်ဖြန်ကျမှကျန်တဲ့မေးခွန်းပေါင်း (၂၆)ခုကျော်ကိုဆက်ပြောမယ်၊ ကောင်းတာတွေအများကြီးကျန်သေးတယ်၊ နောက်ပြီးတော့အဲဒီဓမ္မဒိန္နာရဟန္တာဖြစ်ပုံကိုလည်း ဆက်ပြီးတော့ဟောပေးမယ်၊ မနက်ဖြန်နှုတ်ဆက်တဲ့ညပေါ့၊ ကိုင်း ယောဂီများလည်းအခု ဝိသာခါနဲ့ဓမ္မဒိန္နာ ဇနီးမောင်နှံတို့လို၊ မိမိတို့အိမ်မှာနေရင်းပဲ၊ ဒီကတိပ်ခွေများလည်း၊ဝိပဿနာခွေများ၊ တရားစခန်း ဝင်နိုင်တော့လည်းဝင်ပေါ့နော်၊ မဝင်နိုင်တော့လည်း တိပ်ခွေများနာကြားပြီးတော့ ရှုပွားအားထုတ်ပြီးတော့ ဟုတ်လား၊ ခုနက ဒုတိယနိဗ္ဗာန် တတိယနိဗ္ဗာန်အထိ ခံစားနိုင်ကြတဲ့ပုဂ္ဂိုလ်များ မုချမသွေ ဖြစ်ကြပါ စေကုန်သတည်း။

သာဓု သာဓု သာဓုပါဘုရား